မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇွန် ၈ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၄၈)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ဟန်ဂေရီနိုင်ငံသံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇွန် ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္កဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဟန်ဂေရီသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော ဒေါက်တာ အန်ဒရက်စ်၊ ဘာလို့ဂ်သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကိုပေးအပ်သည်။**(ယာပုံ)**

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဟန်ဂေရီသမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာ အန်ဒရက်စ်၊ ဘာလို့ဂ်အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာခန်းမ၌ လက်ခံတွေ့ဆုံစဉ်။
(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဇွန်လ ၈ ရက်)

ပတ်ဝန်းကျင်ထိန်းသိမ်းရေး အလေးအနက်ထား ကိုင်တွယ်ဆောင်ရွက်

ကမ္ဘာ့မြေမျက်နှာပြင်၏ ၄၀ ရာခိုင်နှုန်းကျော်သည် ခြောက်သွေ့မြေများဖြစ်သည်။

ခြောက်သွေ့မြေဖြစ်ထွန်းရခြင်း၏ အဓိကအကြောင်းရင်းများမှာ သစ်တောပြုန်းတီးမှု၊ စားကျက်မြေအဖြစ် လွန်ကဲစွာအသုံးပြုမှု၊ မြေယာစီမံခန့်ခွဲခြင်းညံ့ဖျင်းမှု၊ မိုးခေါင်မှုနှင့် လေ၊ရေတိုက်စားသဖြင့် မြေဆီလွှာ ဆုံးရှုံးမှုတို့ကြောင့်ဖြစ်သည်။

လူတို့အသုံးပြုသည့် ဓာတ်ငွေ့အချို့ကြောင့် အိုဇုန်းလွှာများ ယိုယွင်းလာသည်။ လူအချို့က အမှိုက်များကို မဆင်မခြင်စွန့်ပစ်ခြင်း၊ စက်ရုံအလုပ်ရုံများက စွန့်ပစ်ပစ္စည်းများကို ရေထဲသို့စွန့်ပစ်ခြင်း၊ ဓာတ်ငွေ့များ ထုတ်လွှတ်ခြင်းတို့ကြောင့် ရေထု၊လေထုညစ်ညမ်းလာသည်။

သစ်များကိုမဆင်မခြင်ခုတ်၍ သစ်တောပြုန်းတီးလာသည်။ သစ်တောပြုန်းတီးလာ၍ တိရစ္ဆာန်များ နေစရာ၊စားစရာမရှိဖြစ်ကာ မျိုးသုဉ်းလာသည်။

သစ်တောများပြုန်းတီး၍ သစ်ပင်များက ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များကို မစုပ်ယူနိုင်သဖြင့် ဖန်လုံအိမ်အာနိသင် ထုတ်လွှတ်မှုများလာသည်။ ရာသီဥတုဖောက်ပြန်လာသည်။ အပူ၊ အအေးလွန်ကဲလာသည်။ မုန်တိုင်းများဖြစ်ပေါ်လာသည်။ ငလျင်များလှုပ်လာသည်။

ရာသီဥတုမမှန်၍ စိုက်ပျိုးမြေများ ခြောက်သွေ့ပျက်စီးလာသည်။ မြေဆီလွှာ အရည်အသွေးကျဆင်းသွားသည်။ သီးနှံအထွက်နှုန်းလည်း ကျဆင်းလာသည်။ စိုက်ပျိုးမြေများညံ့ဖျင်းပြီး သဲဆန်လာသည်။ အပင်စိုက်ပျိုး၍ မရ၊ လူနေ၍မရဖြစ်ကာ ခြောက်သွေ့မြေများ၊ သဲကန္တာရများဖြစ်သွားခဲ့ရပေသည်။

မြန်မာနိုင်ငံအလယ်ပိုင်း ပူပြင်းခြောက်သွေ့ဒေသသည် နိုင်ငံ့မြေဧရိယာ၏ ၁၀ ရာခိုင်နှုန်းခန့်ရှိသည်။ ယင်းဒေသအတွင်းရှိ မြေဆီလွှာယိုယွင်းပျက်စီးမှုကို ထိန်းသိမ်းရန် အရေးတကြီးလိုအပ်သည့်အလျောက် ၁၉၉၄ ခုနှစ်တွင် ကိုးခရိုင်စိမ်းလန်းစိုပြည်ရေးကို စတင်ဆောင်ရွက်ခဲ့ပြီး ၁၃ခရိုင်အထိ တိုးချဲ့ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂ သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းကို ၁၉၉၇ ခုနှစ်တွင် ပါဝင် လက်မှတ်ရေးထိုးခဲ့သည်။ ယင်းကွန်ဗင်းရှင်းအရ အဖွဲ့ဝင်ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးနှင့် မြေဆီလွှာယိုယွင်းမှု တိုက်ဖျက်ရေးဆိုင်ရာ စီမံချက်နှင့် လုပ်ငန်းစဉ်များရေးဆွဲပြီး ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းခြင်းမပြုဘဲ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူ့ဘဝ အရည်အသွေးများ ရေရှည်တည်တံ့အောင် မဆောင်ရွက်နိုင်ပေ။ ယနေ့နိုင်ငံအားလုံး၏ ကြီးမားသော စိန်ခေါ်မှုတစ်ရပ်ဖြစ်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပြဿနာရပ်များကို တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် စဉ်းစားပြီး အလေးအနက်ထား ကိုင်တွယ်ဆောင်ရွက်သွားကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျိုင်းတုံတပ်နယ် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

နေပြည်တော် ဇွန် ၇

ကျိုင်းတုံတပ်နယ် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲကို ဇွန် ၁ရက် နံနက် ၈နာရီက နယ်မြေခံတပ်ရင်း၏ ခြံစည်းရိုးကြက်ဆူ ၁၀ဧက စံပြစိုက်ခင်း၌ ကျင်းပသည်။

ရှေးဦးစွာ ယာယီရှင်းလင်းဆောင်တွင် နယ်မြေခံတပ်ရင်းမှ ဒုတိယဗိုလ်မှူးကြီး နေလင်းက ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးဆောင်ရွက်မှုနှင့် ရော်ဘာပင်စိုက်ပျိုးမှုအခြေအနေများကို မြေပုံကားချပ်များဖြင့်ရှင်းလင်းတင်ပြရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

စတင်စိုက်ပျိုးပေး

ယင်းနောက် တိုင်းမှူးက တက်ရောက်လာကြသူများအား ခြံစည်းရိုးကြက်ဆူပျိုးပင်များကို ပေးအပ်ပြီး ကြက်ဆူမျိုးစေ့များကို စိုက်ခင်းအတွင်း သတ်မှတ်နေရာ၌လည်းကောင်း စတင်စိုက်ပျိုးပေးသည်။

မှာကြား

ထို့နောက် တိုင်းမှူးသည် တက်ရောက်လာကြသူများ၏ ခြံစည်းရိုးကြက်ဆူပျိုးပင်များ စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေး၍ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ညှိနှိုင်းဆောင်ရွက်

ထိုမှတစ်ဆင့် တိုင်းမှူးသည် တာဝန်ရှိသူများနှင့်အတူ ကျိုင်းတုံမြို့နယ် တင်ထပ်ကျေးရွာအနီးရှိ ထပ်မားငင် ရေလှောင်တမံအခြေအနေကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးသည် မိုင်းလပ်ကုန်းမြင့်လယ်ယာ၊ ကျိုင်းတုံတပ်နယ် ခြံစည်းရိုးကြက်ဆူဧက ၄၀ စံပြစိုက်ခင်းသို့ရောက်ရှိပြီး စံပြပျိုးဥယျာဉ်၌ ခြံစည်းရိုးကြက်ဆူပျိုးပင် ၆၀၀၀၀ ပြုစုပျိုးထောင် စိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ ခြံစည်းရိုးကြက်ဆူဧက ၄၀ စံပြစိုက်ခင်းတွင် တပ်ရင်းတပ်ဖွဲ့များအလိုက် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးထားရှိမှုနှင့် ရှင်သန် ဖြစ်ထွန်းမှုကိုလည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၈-၆-၂၀၀၆
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	ကျန်းမာရွှင်လန်း ယောဂအစွမ်း
၇း၁၅	၄။	မျိုးချစ်တပ်မတော်
၇း၂၀	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၇။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ကျန်းမာရွှင်လန်း ယောဂအစွမ်း
၄း၂၀	၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၄း၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၀	၇။	ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅း၁၀	၈။	မျိုးချစ်တပ်မတော်
၅း၂၀	၉။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	မိုးလေဝသ သတင်း
၆း၂၅	၁၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၅	၁၅။	လျှပ်တစ်ပြက်
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြက်ခင်းစိမ်းနဲ့အိမ်ကလေး"** (အပိုင်း-၃၄)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြိုင်ဟေဝန်ကသိုင်းလုလင်"** (ဒုတိယတွဲ) (အပိုင်း-၁)

ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) စံပြတက္ကသိုလ်ကြီးအဖြစ် ရပ်တည်နိုင်ရန်ကြိုးပမ်း

ရန်ကုန် ဇွန် ၇

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်သည် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော ဦးစိုးဦး၊ ဦးညီထွန်းနှင့် ဦးကျော်အောင်တို့လိုက်ပါလျက် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)သို့ ဇွန် ၄ရက် နံနက်ပိုင်းက ရောက်ရှိကြသည်။

အမှာစကားပြောကြား

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပတ္တမြားခန်းမ၌ ပါမောက္ခချုပ် ဦးအောင်ဆန်းဝင်းနှင့် တက္ကသိုလ်ဝန်ထမ်းများအား ရင်းနှီးစွာတွေ့ဆုံ၍ တက္ကသိုလ်၏ လေ့ကျင့်သင်ကြားမှု စွမ်းရည်မြင့်မားစေရေးအတွက် တက္ကသိုလ်ဝန်ထမ်းများ၏ တစ်ဦးချင်း အရည်အသွေးများ စဉ်ဆက်မပြတ်မြင့်တင်နေကြရန်နှင့် နိုင်ငံ့ဝန်ထမ်းများကို လေ့ကျင့်ပေးလျက်ရှိသော စံပြတက္ကသိုလ်ကြီးအဖြစ် ရပ်တည်နိုင်စေရန်အတွက် ဝိုင်းဝန်းကြိုးပမ်းကြရန် အမှာစကား ပြောကြားသည်။ **(သတင်းစဉ်)**

စလေမြို့ ရုပ်စုံကျောင်းရှေးဟောင်းပစ္စည်းများ ဝန်ကြီးဗိုလ်ချုပ်ခင်အောင်မြင့် လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၇

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်သည် တာဝန်ရှိသူများ လိုက်ပါလျက် ဇွန်၃ရက်က ပုဂံမြို့ ရွှေစည်းခုံဘုရား၊ ဝက်ကြီးအင်း ဂူပြောက်ကြီးဘုရား၊ ဓမ္မရံကြီးဘုရား၊ စူဠာမဏိဘုရား၊ ဘုရားအမှတ်(၈၂၀)၊ အာနန္ဒာဘုရားနှင့် သဗ္ဗညုဘုရားတို့ကို သွားရောက်ဖူးမြော်ပြီး ပြုပြင်ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများကိုကြည့်ရှုသည်။

ဆက်လက်၍ ဝန်ကြီးသည် စလေမြို့ ရုပ်စုံကျောင်းသို့ သွားရောက်ကာ ရှေးဟောင်းပစ္စည်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ကျောင်းပတ်လည်ရှိ သစ်သားရုပ်စုံပန်းပုရုပ်များကို အသေးစိတ် လေ့လာသည်။ **(အပေါ်ပုံ)**

ထို့နောက်ဝန်ကြီးသည် ဝက်လက်မြို့ရှိ မဟာလာဘမံဆင်းတုကြီးကို သွားရောက်ဖူးမြော်သည်။

ယင်းနောက် ဝန်ကြီးသည် စလေ ရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်း လုံခြုံရေးဆိုင်ရာနှင့် ပေပုရပိုက်ထိန်းသိမ်းမှုဆိုင်ရာများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခြံစည်းရိုးကြက်ဆူပင် ငါးဧကစိုက်ပျိုးပွဲကို မေ၂၃ရက်က မင်္ဂလာဒုံမြို့နယ်၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းနိုင်၊ ဦးစီးအရာရှိ ဒေါ်ကေသွယ်စိုးနှင့်ဝန်ထမ်းများ ခြံစည်းရိုးကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးကြစဉ်။ (က-ပ)

လူမှုရေးလုပ်ငန်းများ၌ စေတနာရှင်ပြည်သူများ ပူးပေါင်းပါဝင်လာစေရေးစည်းရုံး လက်တွေ့နယ်ပယ်လုပ်ငန်းများ ပိုမိုထိရောက်အောင်ကြိုးစားဆောင်ရွက်

နေပြည်တော် ဇွန် ၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနတို့၏ ၂၀၀၆ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန်၅ရက်နှင့်၆ရက်တွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်၊ ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ရီ၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်း၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ တိုင်းနှင့် ပြည်နယ်များမှ ဦးစီးမှူးများ တက်ရောက်ကြသည်။

အသီးသီးတင်ပြ

ရှေးဦးစွာ လူမှုဝန်ထမ်းဦးစီးဌာနမှ တိုင်းနှင့်ပြည်နယ် ဦးစီးမှူးများက ၂၀၀၆ခုနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော လူမှုဝန်ထမ်းလုပ်ငန်းရပ်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းရပ်များကို အသီးသီးတင်ပြဆွေးနွေးကြသည်။

ဆက်လက်၍ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ တိုင်းနှင့်ပြည်နယ်ဦးစီးမှူးများက ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၏ လုပ်ငန်းရပ်များကို တင်ပြဆွေးနွေးကြသည်။

တာဝန်ကျေပွန်အောင်ဆောင်ရွက်

ထို့နောက် ဝန်ကြီးက ဦးစီးဌာနနှစ်ခုလုံးသည် လူမှုရေးလုပ်ငန်းများကို ဦးတည်ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် ဆောင်ရွက်ချက်များကို အများပြည်သူပိုမိုသိရှိရန်နှင့် စေတနာရှင်ပြည်သူများနှင့် အဖွဲ့အစည်းများက ပိုမိုပူးပေါင်းဆောင်ရွက်လာစေရန် စည်းရုံးဆောင်ရွက်သွားရန်၊ လက်တွေ့ နယ်ပယ်တွင် လုပ်ငန်းများပိုမိုထိရောက်အောင် ကြိုးစားဆောင်ရွက်ရန်၊ ဝန်ထမ်းများအနေဖြင့် စည်းစည်းလုံးလုံး၊ ချစ်ချစ်ခင်ခင် မိသားစုသဖွယ်နေထိုင်ပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် သွက်လက်အောင် ကြိုးစားလုပ်ဆောင်၍ တာဝန်ကျေပွန်အောင် ဆောင်ရွက်ပြီး စည်းကမ်းကောင်းမွန်အောင် နေထိုင်ကျင့်ကြံဆောင်ရွက်ရန် မှာကြားသည်။ **(သတင်းစဉ်)**

စတုဘုမ္မိကမဂ္ဂင်ရိပ်သာ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဇွန် ၇

သဃ်န်းကျွန်းမြို့နယ် ၈/မြောက်ရပ်ကွက် ပြည်သာယာလမ်း စတုဘုမ္မိကမဂ္ဂင်ရိပ်သာတွင် ဇွန်၁ရက်မှ၇ရက်အထိ ရိပ်သာဆရာတော် ဘဒ္ဒန္တကုမာရ(သာသနဓဇ ဓမ္မာစရိယ၊ ဝိနယဝိဒူ၊ ကမ္မဋ္ဌာနာစရိယ)က ကျေးဇူးရှင်ရွှေမင်းဝံဂှက်တွင်းဆရာတော်၏ ဉပနိဿယအတိုင်း တရားစခန်းဖွင့်လှစ်မည်ဖြစ်ရာ ညစဉ်၇နာရီမှစ၍ သံတွဲဆရာတော် ဦးသုန္ဒရ(မဟာဓမ္မ ကထိက၊ ဗဟုဇနဟိတဓရ)၊ မအူပင် ဦးကုမုဒ၊ ဟသ်ာတ ဦးပညာဒိပ၊ ပုသိမ် ဦးနန္ဒမာလာ၊ မန္တလေး နဂါးပရိယတ္တိစာသင်တိုက် ဦးဝါသေဋ္ဌ၊ ကျုံပျော် ဦးသီရိန္ဒ ဓမ္မကထိကများက တရားတော်ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

မီးသတ်ဦးစီးဌာနတပ်ဖွဲ့ဝင်များ၏သားသမီးများ ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇွန် ၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန တပ်ဖွဲ့ဝင်များ၏ မိသားစုဝင် သားသမီးများအား ၂၀၀၆-၂၀၀၇ပညာသင်နှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မီးသတ်ဦးစီးဌာန(ရုံးချုပ်) သီတာခန်းမ၌ ကျင်းပသည်။

ချီးမြှင့်ပေးအပ်

ရှေးဦးစွာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းက ပညာသင်စရိတ်ထောက်ပံ့ကြေးပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီးနောက် ဦးစီးဌာနခွဲ၊ စီမံရေးရာဌာနခွဲ၊ ထောက်ပံ့ရေးဌာနခွဲ၊ ဗဟိုမီးသတ်သင်တန်းကျောင်းတို့မှ တပ်ဖွဲ့ဝင်များ၏ သားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေးငွေများကို သက်ဆိုင်ရာဌာနကိုယ်စားလှယ်များအားပေးအပ်ပြီး၊ အခြေခံပညာအထက်တန်းအဆင့်တွင် တစ်ဘာသာဂုဏ်ထူးရရှိသူတစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရရှိသူတစ်ဦး၊ သုံးဘာသာဂုဏ်ထူးရရှိသူတစ်ဦးတို့အား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်သည်။

ပညာသင်ထောက်ပံ့ကြေး

မီးသတ်ဦးစီးဌာနချုပ်နှင့် ဗဟိုမီးသတ်သင်တန်းကျောင်းမှ တပ်ဖွဲ့ဝင်များ၏ မိသားစုဝင် သားသမီး ၂၈၄ဦးတို့အတွက် ပညာသင်ထောက်ပံ့ကြေးငွေကျပ်၂၁၉၂၀၀၀ကိုပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အထွေထွေဗဟုသုတကို ပေးစွမ်းနိုင်သောနေရာ စာကြည့်တိုက်ဖြစ် လူချွန်လူမွန်များပေါ်ပေါက်လာရေး ရေရှည်တည်တံ့အောင်ဆောင်ရွက်

နေပြည်တော် ဇွန် ၇

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းသည် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်ဖေနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇွန်၅ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ချမ်းတောင်ရပ်ကွက်၌ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် အလှူရှင်ဦးအောင်ရွှေ-ဒေါ်ဌေးဌေးမြင့်မိသားစုတို့က ဆောက်လုပ်လှူဒါန်းသော ငွေကျပ်၁၅သိန်းတန်ဖိုးရှိ ချမ်းမြသီဟ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး၊ ချမ်းမြသာစည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစောထွန်းဦးနှင့် မန္တလေးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခေတ္တအတွင်းရေးမှူး ဦးစိန်မြင့်တို့က ဖဲကြိုးဖြတ်၍ စာကြည့်တိုက်အဆောက်အအုံသစ်ကို ဖွင့်လှစ်ပေးကြပြီး အလှူရှင်ဦးတင်ရွှေ-ဒေါ်မာတင်မိသားစုကလှူဒါန်းသော ၂၁လက်မရောင်စုံ ရုပ်မြင်သံကြားဖမ်းစက်ကို ဒုတိယဝန်ကြီးက လက်ခံသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဒုတိယဝန်ကြီးသည် စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုအားပေးပြီး စာကြည့်တိုက် ရေရှည်တည်တံ့ရှင်သန်ရေးအတွက် အကြံပြုအားပေးစကားပြောကြားကာ ဖွင့်ပွဲကိုရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ပုသိမ်ကြီးမြို့နယ် ကျွဲရေကုန်းကျေးရွာရှိ ပညာ့အလင်းစာကြည့်တိုက်သို့ ရောက်ရှိ၍ ဒေသခံများက စုပေါင်းလှူဒါန်းသော ၂၁လက်မ ရောင်စုံရုပ်မြင်သံကြားဖမ်းစက်ကို လက်ခံပြီး စာကြည့်တိုက်သို့ ဗွီစီဒီနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းကာ စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုအားပေး၍ စာကြည့်တိုက်၏ အကျိုးကျေးဇူးကြီးမားမှုများနှင့်စာကြည့်တိုက် ရေရှည်ရှင်သန်ရေးအတွက် ထိန်းသိမ်းရန် လိုအပ်ချက်များကို မှာကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဒုတိယဝန်ကြီးသည် စဉ့်ကိုင်မြို့နယ် တောမကျေးရွာရှိ အလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ ရောက်ရှိ၍ အလှူရှင် ဦးကြည်ဝင်း-ဒေါ်ခင်ဆွေဝင်းမိသားစုက ၂၁လက်မရောင်စုံရုပ်မြင်သံကြားဖမ်းစက်တစ်လုံး၊ ဦးမိုးမိုး-ဒေါ်ခင်နွယ်ဝင်း မိသားစုက ရေဒီယိုနှင့် စာအုပ်စာစောင်များကို လှူဒါန်းကြရာ ဒုတိယဝန်ကြီးက လက်ခံပြီး ဗွီစီဒီနှင့် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်း၍ စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုအားပေးကာ စာကြည့်တိုက်သည် ကြောင်းကျိုးဆက်စပ်တွေးခေါ်ဆင်ခြင်နိုင်သည့် အထွေထွေဗဟုသုတကို ပေးစွမ်းနိုင်သည့်နေရာဖြစ်သဖြင့် ရပ်ရွာအကျိုး၊ တိုင်းပြည်အကျိုးပြုလူချွန် လူမွန်များ ပေါ်ပေါက်လာရေးအတွက် ရေရှည်တည်တံ့ရှင်သန်အောင် ဆောင်ရွက်သွားကြရေး မှာကြားသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၆-၂၀၀၆ (ကြာသပတေးနေ့)

- ၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅ ပျော်ရွှင်မှုကိုခံစားစေမည့် ဘက်စုံကစားကွင်းဆီ
- ၇:၂၀ တေးဂီတအစီအစဉ်
- ၇:၂၅ ယနေ့သိပ္ပံနှင့်နည်းပညာ
- ၇:၃၅ ပြည်တွင်းသတင်းအကျဉ်း
- ၇:၄၅ တေးဂီတအစီအစဉ်
- ၇:၅၀ Science Tech Today (ကမ္ဘာ့ရာသီဥတုပြောင်းလဲခြင်း) [ကိုကို(စက်မှုတက္ကသိုလ်)၊ ဦးထွန်းလွင်]
- ၈:၁၅ တေးဂီတအစီအစဉ်
- ၈:၂၀ မိုးလေဝသခန့်မှန်းချက်
- ၈:၂၅ ဂီတရေစီးကြောင်းထဲကဂီတာ
- ၈:၄၅ နိုင်ငံတကာသတင်းအကျဉ်း
- ၈:၅၀ တေးဂီတအစီအစဉ်
- ၈:၅၅ ဝါသနာရှင်စင်မြင့်
- ၉:၂၀ ပြည်တွင်းသတင်းအကျဉ်း
- ၉:၄၀ World Cup Special (Group-F)
- ၁၀:၀၀ တေးဂီတအစီအစဉ်
- ၁၀:၁၀ အထွက်ကောင်း၊ အရည်အသွေးကောင်း မော်ဘီ(၃)စပါးမျိုးသစ်
- ၁၀:၂၀ တေးဂီတအစီအစဉ်
- ၁၀:၂၅ သူတို့ပြောတဲ့ သူတို့အကြောင်း (မော်ဒယ် ထက်ထက်ဝင့်နှင့်တွေ့ဆုံခြင်း)
- ၁၀:၄၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀:၄၅ တေးဂီတအစီအစဉ်
- ၁၀:၅၀ စားဖွယ်အဖုံဖုံ မုန့်မျိုးစုံ (ကလေးတို့အကြိုက် ဂျယ်လီပြုလုပ်နည်း)
- ၁၀:၅၅ တေးဂီတအစီအစဉ်
- ၁၁:၀၀ လူငယ်အားမာန်နှင့် ပန်းပျိုးသူ =တို့၏လက်
- ၁၁:၁၅ တေးဂီတအစီအစဉ်
- ၁၁:၂၀ ငွေကြယ်ပွင့်တို့၏ဖြစ်တည်မှု (စည်သူလွင်နှင့်သူ၏ အနုပညာ ခရီး)
- ၁၂:၀၀ MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မြန်မာ့ရုပ်မြင်သံကြား

၈-၆-၂၀၀၆ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၀၅ ၆။ အတီးပြိုင်ပွဲ
- ၈:၁၅ ၇။ အကပဒေသာ
- ၈:၂၀ ၈။ ဖောင်းကတောရေလှောင်တမံ
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Let's Go

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၀ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ရူပဗေဒအထူးပြု) [ရူပဗေဒ]
- ၁၇:၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၁၇:၁၅ ၇။ လက်ဆင့်ကမ်းပေးဂီတတေး (ပတ္တလား)
- ၁၇:၂၀ ၈။ တေးဂီတအစီအစဉ်
- ၁၇:၂၅ ၉။ **"သတိနဲ့ယှဉ် အသိနဲ့ပြင်"** (အပိုင်း-၁) ဝါးခယ်မရဲမောင်၊ ဘုန်းလျှန်၊ မြတ်ကေသီအောင်၊ ရတနာခင်၊ ဟန်နီထွန်း၊ ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊အိုင်းရစ်လေပြည်ဦး (ဒါရိုက်တာ-မင်းအုပ်စိုး)
- ၁၇:၄၅ ၁၀။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
- ၁၈:၀၀ ၁၁။ ညနေခင်းသတင်း
- ၁၈:၂၀ ၁၂။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၃။ စိုက်ကြများများ နွေစပါး ဝမ်းစာဖြိုးဝေ သိန်းနီမြေ
- ၁၈:၄၅ ၁၄။ လက်တွဲဆောင်ရွက် အောင်မြင်ကျိုင်းတုံဒေသတစ်ခွင်
- ၁၉:၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဖန်ပန်းလုလု"** (အပိုင်း-၁၅)
- ၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ရှေ့နေ"** (အပိုင်း-၁၂)
- ၂၀။ နောက်တစ်နေ့အစီအစဉ်

ဇွန်၇ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ၂၀၀၅ခုနှစ် နှစ်ပတ်လည်အစည်းအဝေးနှင့် ၂၀၀၆ခုနှစ် ရှေ့လုပ်ငန်းစဉ်များ ရှင်းလင်းပွဲကို အထက(၂) လသာ မြည်သီလာခန်းမ၌ကျင်းပရာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နီနီစိန်က လုပ်ငန်းစွမ်းဆောင်ရည် ဘက်စုံထူးချွန်ဆုရ ဗဟန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအား ဆုချီးမြှင့်စဉ်။ (က-ပ)

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ လေထုညစ်ညမ်းမှုလျော့ပါးရေး ပေကျင်း၌ ကားစီးရေနှစ်သိန်းခွဲ တစ်နေ့တာ မောင်းနှင်မှုရပ်ထား

ပေကျင်း ဇွန် ၇

ပေကျင်းမြို့ရှိ ယာဉ်မောင်းတစ်သန်း၏ လေးပုံတစ်ပုံသည် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ လေထုညစ်ညမ်းမှုလျော့ပါးရေးအတွက် ကူညီဆောင်ရွက်ခြင်းအနေဖြင့် ယင်းတို့၏ကားများကို ဇွန် ၅ရက်က အိမ်၌ရပ်ထားကြသည်ဟု ဆင်ဟွာက ဖော်ပြသည်။

မော်တော်ယာဉ်အသင်း ၁၃၂သင်းက ယင်းနေ့ကို ကားမသုံးစွဲရေးနေ့အဖြစ် သတ်မှတ်ခဲ့ကြပြီး ဒေသဆိုင်ရာ ပတ်ဝန်းကျင်ကာကွယ်ရေး အာဏာပိုင်များကလည်း ယင်းအစီအစဉ်တွင် ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပေကျင်းမြို့၏ အချို့နေရာများတွင် ကားအနည်းငယ်တွေ့ရသော်လည်း ရုံးဝန်ထမ်းများ ထိုနေ့က ရုံးနောက်ကျခဲ့ကြောင်း၊ ခါတိုင်းကဲ့သို့ ကားများ၊ လမ်းများပေါ်တွင် ပိတ်နေသည်ကို သတိမထားမိကြောင်း ပုံနှိပ်ထုတ်ဝေရေးဝန်ထမ်းတစ်ဦးဖြစ်သည့် ဆန်ကျင်းက ပြောကြားသည်။

သို့စေကာမူ တာဝန်ရှိသူများနှင့် ပါဝင်ဆောင်ရွက်ကြသူများက အဆိုပါဆောင်ရွက်ချက်ကို ကောင်းမွန်ခြင်း၏ အစဟု ပြောကြားခဲ့သည်။

ယင်းမှာ ယာဉ်မောင်းများ သတိမူရေးအတွက် ခေတ်သစ်သရုပ်ပြမှုတစ်ရပ်ပင်ဖြစ်ကြောင်း ပေကျင်းမြို့ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ဗဟိုဌာနမှ ညွှန်ကြားရေးမှူး မန်စီယန်လောင်းက ပြောကြားသည်။

ပေကျင်းမြို့တွင် ကားစီးရေ ၂ဒသမ ၆၈သန်းရှိရာတွင် ကား ၂၅၀၀၀၀မှာ ထိုနေ့က နေအိမ်၌ ကားမထွက်ဘဲရပ်ထားကြသည်ဟု မန်ကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အင်ဒိုနီးရှား၌ ခရီးသည်တင်လေယာဉ် ပြေးလမ်းချော်

ဂျကာတာ ဇွန် ၇

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း မာလူကူပြည်နယ်တွင် ဇွန် ၅ ရက်က ခရီးသည်တင်လေယာဉ်တစ်စင်း ပြေးလမ်းချော်ခဲ့သဖြင့် လေယာဉ်အမှုထမ်းများ အပါအဝင် လူ ၁၈ဦး ဒဏ်ရာရရှိခဲ့သည်။

ပြေးလမ်း ချော်မှုကြောင့် လေယာဉ်သည် ဆိုးဆိုးရွားရွား ပျက်စီးခဲ့သည်။ ယင်းသို့ ဖြစ်ရခြင်းသည် ရာသီဥတု ဆိုးရွားခြင်းကြောင့် ဖြစ်ကြောင်း၊ လေယာဉ်၏ တောင်ပံများ၊ ရှေ့ဘီးအုံနှင့် ခရီးသည်အခန်းမှာ ပျက်စီးခဲ့ရကြောင်း အန်တာရာသတင်းအေဂျင်စီက အစီရင်ခံခဲ့သည်။

နိုင်ငံပိုင်

ယင်းလေယာဉ်သည် နိုင်ငံပိုင်လေကြောင်း ပီတီမာပါတီနုဆန်တာရီ မှပိုင်သော လေယာဉ်ဖြစ်သည်။ ဂျကာတာအရှေ့ဘက် မာလူကူပြည်နယ် အလယ်ပိုင်းရှိ ဘန်ဒါလေဆိပ်သို့ အဆင်းတွင် လမ်းချော်ခဲ့ရခြင်း ဖြစ်သည်။

လေယာဉ်ပေါ်တွင် ခရီးသည် မည်မျှပါလာသည်ကို သေချာစွာမသိရသေးပေ။ **အမ်အင်အေ၊ဆင်ဟွာ**

အယ်လ်လီဇဘတ် ဘုရင်မကြီး ပေးပို့သည့်သဝဏ်လွှာအား ဖတ်ရှုနေသော အသက်(၁၁၀)ရှိ ဗြိတိန်နိုင်ငံ၏ အသက်အကြီးဆုံး ပုဂ္ဂိုလ် ဟင်နရီအော်လင်ဂန်ကို ဇွန် ၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

၁၈လဖြင့် အသီးသီးသည့် ကိုကိုးမျိုးစေ့ နိုင်ဂျီးရီးယားစိုက်ပျိုးရေးအဖွဲ့ အောင်မြင်စွာထုတ်လုပ်

လေဂို့စ် ဇွန် ၇

နိုင်ဂျီးရီးယား စိုက်ပျိုးရေးသိပ္ပံပညာရှင်များသည် စိုက်ပျိုးပြီး ၁၈လအကြာ အသီးသီးနိုင်သော ကိုကိုးစေ့ကို အောင်မြင်စွာ ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း နိုင်ဂျီးရီးယားနိုင်ငံပိုင် သတင်းအေဂျင်စီက ဇွန် ၅ရက်တွင် သတင်းထုတ်ပြန်သည်။

မိမိတို့တီထွင် စမ်းသပ်စိုက်ပျိုးခဲ့သော ကိုကိုးမျိုးစေ့သည် လျင်မြန်စွာ အသီးသီးနိုင်ကြောင်း နိုင်ဂျီးရီးယား ကိုကိုး သုတေသနလက်ထောက်ညွှန်ကြားရေးမှူး ဖေရီဆာ ရာအိုကီလာနာက ပြောကြားသည်ကို အဆိုပါသတင်းအေဂျင်စီက ဖော်ပြသည်။

အကျိုးဖြစ်ထွန်း

မိမိတို့သည် ပျိုးပင်ပမာဏကို ကန့်သတ်ထား၍ ဝယ်လိုအားမှာအလွန်မြင့်မားလာကြောင်း သူမကပြောကြားသည်။ ယင်းသုတေသနပြု တွေ့ရှိချက်သည် ကိုကိုး စိုက်ပျိုးသည့် တောင်သူများအတွက် များစွာအကျိုးဖြစ်ထွန်းခဲ့ပြီး ကမ္ဘာပေါ်တွင် နိုင်ဂျီးရီးယားနိုင်ငံသည် ကိုကိုး အများဆုံး ထုတ်လုပ်သည့် နိုင်ငံဖြစ်လာနိုင်ကြောင်း သူမက ဆက်လက် ပြောကြားသည်။

နိုင်ဂျီးရီးယားနိုင်ငံသည် တစ်နှစ်လျှင် ကိုကိုးတန်ချိန် လေးသိန်းခန့် ထုတ်လုပ်ပြီး ကမ္ဘာ့နံပါတ်(၆)အဆင့်ရှိသည်။ အိုင်ဗရီကို့စ်က တစ်နှစ်လျှင် ကိုကိုးတန်ချိန် တစ်သန်းခန့် ထုတ်လုပ်ပြီး ကမ္ဘာပေါ်တွင် ဦးဆောင်နေသည်။

အမ်အင်အေ၊ဆင်ဟွာ



ဘော့စနီးယားအလှမယ်

ဘော့စနီးယား ဟာဇီဂိုဗီးနားနိုင်ငံ ဆာရာယေဗိုမြို့တွင် ကျင်းပသည့် အလှမယ်ပြိုင်ပွဲတွင် ပထမရရှိခဲ့သော အလှမယ်တစ်ဦးကို ဇွန်၄ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လက်သုံးချောင်းပါ ကလေးအား တရုတ်၌ အောင်မြင်စွာခွဲစိတ်ပေးခဲ့

ပေကျင်း ဇွန် ၇

တရုတ်နိုင်ငံ အန့်ဟွေးပြည်နယ်ရှိ ဆေးရုံတစ်ရုံတွင် ယခုနှစ် ဧပြီ ၁ရက်က မွေးဖွားခဲ့သော လက်သုံးချောင်းပါ ကလေးအား အောင်မြင်စွာ ခွဲစိတ်ကုသပေးခဲ့သည်။

ယင်းခွဲစိတ်ကုသမှုကို ဇွန် ၆ ရက်က ရှန်ဟိုင်းမြို့ ကလေးဆေးရုံတွင် အောင်မြင်စွာ ခွဲစိတ်နိုင်ခဲ့ခြင်းဖြစ်သည်။

နှစ်လသားအရွယ် ရှိနေပြီဖြစ်သော ကျိုကျို၏ ဘယ်ဘက်ခြမ်းရှိ လက်နှစ်ချောင်းသည် အပြည့်အဝအသုံးပြု၍ မရချေ။ ဆရာဝန်များသည် စမ်းသပ်မှုများပြုလုပ်ပြီးနောက် ဖွံ့ဖြိုးမှုမရှိသော ရင်ဘတ်နှင့် အနီးဆုံးလက်ကို ဖြတ်ထုတ်ရန် ဆုံးဖြတ်ချက်ချခဲ့ပြီးနောက် ခွဲစိတ်မှုပြုလုပ်ပေးခဲ့သည်။ **(အင်တာနက်)**

ခွဲစိတ်ပြီးနောက် ကလေးငယ်အား တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်နိုင်ငံ၌ ရေနံလှောင်ကန် ပေါက်ကွဲ သုံးဦးသေဆုံး

ဝါရှင်တန် ဇွန် ၇

အမေရိကန်နိုင်ငံ တောင်ပိုင်း မစ္စစ္စပီပြည်နယ်တွင် ဇွန် ၅ရက်က ရေနံလှောင်ကန် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းကြောင့် သုံးဦးသေဆုံးပြီး တစ်ဦး ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည်။

ပေါက်ကွဲ

ယင်းပေါက်ကွဲမှုသည် စမစ်စီရင်စုရှိ ရာလက်ရေနံမြေတွင် အလုပ်သမားများ ရေနံလှောင်ကန်အား ဝရိန်ဆော်နေစဉ် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သေဆုံး

ပေါက်ကွဲမှုသည် ပြင်းထန်သဖြင့် ရေနံလှောင်ကန်၏ အပေါ်ပိုင်းသည် ပေပေါင်းများစွာ လွင့်ထွက်သွားခဲ့သည်။ ပေါက်ကွဲမှုဖြစ်ပွားစဉ် နှစ်ဦးသေဆုံးခဲ့ပြီး ကျန်တစ်ဦးသည် ဆေးရုံ၌သေဆုံးခဲ့သည်။

ဖော်ပြ

ယင်းပေါက်ကွဲမှုကို စုံစမ်း စစ်ဆေးလျက်ရှိကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အိန္ဒိယ၌ မြစ်ရေလျှံနေသည်ကို ဇွန် ၅ရက် က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မိုးသည်းထန်စွာ ရွာသွန်း အာသံပြည်နယ်တွင် ရေလွှမ်းမိုး

နယူးဒေလီ ဇွန် ၇

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း အာသံပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့သည်။

ရေလွှမ်းမိုးမှုဖြစ်

ရေလွှမ်းမိုးမှုကြောင့် လူ ၂၅၀၀၀ ခန့် ထိခိုက်နစ်နာခဲ့ရပြီး ကားလမ်းနှင့် ရထားလမ်းဆက်သွယ်မှုပြတ်တောက်ခဲ့ရကြောင်း တာဝန်ရှိသူများက ဇွန် ၄ရက်တွင်ပြောကြားသည်။ ဘရာမာပူထရာ မြစ်ရေလျှံပြီး ဒေသငါးခုမှ ကျေးရွာအနည်းဆုံး၇၀တွင် ရေလွှမ်းမိုးမှုဖြစ်ခဲ့ရသည်ဟု ပြောရေးဆိုခွင့်ရှိသူ စီနက်က ပြောကြားသည်။

တိုက်တွန်း

ရေလွှမ်းမိုးခံရသော ကျေးရွာများအတွက် စီစဉ်ထားသော အမိုးအကာအောက်သို့ ပြောင်းရွှေ့ကြရန်တာဝန်ရှိသူများ တိုက်တွန်းထားကြောင်း အစိုးရအစီရင်ခံစာတွင် ဖော်ပြထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မိုးတုရွာသွန်းရန် လုပ်ဆောင်ဖန်တီးမှု ကမ္ဘာတွင် တရုတ်နိုင်ငံ ထိပ်ဆုံးမှ ဦးဆောင်နေ

ပေကျင်း ဇွန် ၇

တရုတ်နိုင်ငံသည် မိုးခေါင်မှုများနှင့် တောမီးလောင်ကျွမ်းမှု ဘေးဒုက္ခများမှ လျော့ပါးသက်သာစေရန် မိုးတုရွာသွန်းစေသည့် နည်းလမ်းများဖြင့် လုပ်ဆောင်သည့် ကမ္ဘာ့နိုင်ငံများအနက် ထိပ်တန်းနိုင်ငံဖြစ်ကြောင်း တရုတ်အမျိုးသားမိုးလေဝသဗျူရိုက တနင်္လာနေ့တွင် ပြောကြားသည်။

တရုတ်နိုင်ငံတွင် မိုးတုရွာသွန်းရေးအဖွဲ့များက မိုးတုရွာသွန်းစေရန်လိုအပ်သည့်အခါတိုင်းတွင် မိုးတိမ်တိုက်များဖြစ်ပေါ်စေရန် ဓာတုပစ္စည်းများကို ရော့ကက်ဒုံးကျည်များ၊ အမြောက် လက်နက်ကြီးများနှင့် လေယာဉ်များအသုံးပြု၍ ဝေဟင်တွင် ကြဲပက်ပေးကြောင်း မိုးလေဝသဗျူရိုလက်အောက်ရှိ မိုးလေဝသခန့်မှန်းရေးနှင့် သဘာဝ ဘေးအန္တရာယ်ခံစားမှုလျော့ပါးသက်သာစေရေး ဌာနတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သုံးပုံတစ်ပုံနီးပါးရှိ

ယင်းမိုးရွာချရေးအဖွဲ့သည် စတုရန်းကီလိုမီတာသုံးသန်း ကျယ်ဝန်းသော မြေအကျယ်အဝန်း ပေါ်တွင် ရေကုဗမီတာ ၂၁၀ဘီလီယံ မိုးရွာချပေးကြောင်း၊ ၂၀၀၁ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ မိုးရွာချရေး လေယာဉ်ပျံသန်းမှုပေါင်း ၂၈၄၀ ရှိကာ တရုတ်နိုင်ငံ ပိုင်နက်ဒေသ၏ သုံးပုံတစ်ပုံနီးပါးရှိကြောင်း အဆိုပါ တာဝန်ရှိသူကပြောကြားသည်။

၂၀၀၅ခုနှစ်ကုန်ပိုင်းက တရုတ်နိုင်ငံဒေသ ၁၉၅၂ခုတွင် ဒုံးပျံမိုးရွာချရေး စနစ်ကို အသုံးပြုခဲ့သည်။ လူပေါင်း ၃၀၀၀ကျော်တို့ ရှေးခေတ် အမြောက် ၇၀၀၀နှင့် ဒုံးပစ်လောင်ချာ ၄၆၈၇ တို့ကို အသုံးပြု၍ မိုးရွာချစေရန် ဆောင်ရွက်ခဲ့ကြောင်း တရုတ်နိုင်ငံ အရှေ့ပိုင်းရှန်ဒေါင်းပြည်နယ် ဂျီနန်မြို့၌ ကျင်းပသော အစည်းအဝေးတစ်ရပ်၌ အဆိုပါ တာဝန်ရှိသူက ပြောကြားသည်။

တရုတ်အစိုးရက ယင်းနည်းလမ်းများကို အသုံးချလျက် မိုးခေါင်မှုလျော့ပါးရေးနှင့် တောမီးများငြိမ်းသတ်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကူညီပေးခဲ့

ယင်းဖန်တီးထားသော မိုးရွာချခြင်းကြောင့် တရုတ်နိုင်ငံမြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတို့၌ လောင်နေသော တောမီးကြီးသုံးခုမီးငြိမ်းသတ်ရေး အတွက်ကူညီပေးခဲ့ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဆူဒန်နိုင်ငံ အိုပက်အဖွဲ့ဝင် ဖြစ်လာမည်

လာဂို့စ် ဇွန် ၇

ဆူဒန်နိုင်ငံသည် မကြာမီတွင် ရေနံရောင်းနိုင်ငံများအဖွဲ့(အိုပက်)၏ အဖွဲ့ဝင်ဖြစ်လာမည်ဖြစ်ကြောင်း နိုင်ဂျီးရီးယားနိုင်ငံသတင်းအေဂျင်စီက ဇွန်၄ ရက်က ဖော်ပြသည်။

ဆွေးနွေးပွဲများကျင်းပ

အိုပက်အဖွဲ့ထဲသို့ဝင်ရန် ဆူဒန်နိုင်ငံသည် စိတ်ဝင်စားမှုရှိကြောင်း အိုပက်ဥက္ကဋ္ဌ အီမန်ဒါကိုရုက ပြောကြားသည်။ ဒါကိုရုသည် နိုင်ဂျီးရီးယားနိုင်ငံရေနံအရင်းအမြစ်ဝန်ကြီးဖြစ်သည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ဆူဒန်အာဏာပိုင်များနှင့် အကျိုးရှိသော ဆွေးနွေးပွဲများကျင်းပခဲ့ကြောင်း ၎င်းက ပြောကြားသည်။

ရေနံဈေးကွက်တွင် အဖွဲ့ဝင်နိုင်ငံ တိုးပွားလာစေရန်ဆန္ဒရှိသော အိုပက်အဖွဲ့သည် မည်သည့်နိုင်ငံကိုမျှ ချန်လှပ်ထားမည်မဟုတ်ကြောင်း ဒါကိုရုက ပြောကြားသည်။ ဆူဒန်နိုင်ငံသည် တစ်နေ့လျှင် ရေနံစည်ပေါင်း ငါးသိန်းကျော်ထုတ်လုပ်သည့်နိုင်ငံဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ထိုင်းနိုင်ငံမြောက်ပိုင်း၌ မိုးသည်းထန်ပြီးရေလွှမ်း မြစ်ချောင်းများရေလျှံ

ဗန်ကောက် ဇွန် ၇

ထိုင်းနိုင်ငံမြောက်ပိုင်း ဒေသများတွင်မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြစ်ချောင်းများရေလျှံပြီး တောင်ပိုင်းဒေသများသို့ပါ ရေများစီးဆင်းကာ ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့သဖြင့် ဒေသခံများ၏ အိမ်ခြေရာပေါင်းများစွာနှင့် လယ်မြေများရေလွှမ်းခဲ့ကြောင်း ထိုင်းသတင်းဌာနက ဇွန်၄ရက်၌ သတင်းထုတ်ပြန်ခဲ့သည်။

မြင့်တက်

ပြီးခဲ့သည့် ဇွန် ၄ရက်က ထိုင်းနိုင်ငံမြောက်ပိုင်းဒေသများ၌ မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ ယွမ်မြစ်၌ တစ်နာရီလျှင် ငါးစင်တီမီတာအထိ ရေမျက်နှာပြင်မြင့်တက်ခဲ့သည်။

ရေအောက်နစ်မြုပ်

ထိုသို့ မြစ်ရေမျက်နှာပြင်မြင့်တက်မှုကြောင့် ကျေးရွာရှိနေအိမ်များ၊ ဆန်စပါး စိုက်ကွင်းနှင့် လယ်ယာမြေများ၊ အခြားကောက်ပဲသီးနှံများ၊ ရေအောက်နစ်မြုပ်ခဲ့ရသည်။

ရေလွှမ်းနေဆဲ

ထိုင်းနိုင်ငံ မြောက်ပိုင်းရှိ အချို့တူးမြောင်းများ ရေလွှမ်းနေဆဲဖြစ်ပြီး ဒေသအများအပြားမှာ ရေနစ်မြုပ်နေဆဲဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

လုံ့သွားပေါ်၌ လမ်းလျှောက်ပြသူ

လုံ့သွားများတန်းစီထောင်ထားသောအပေါ်မှ လမ်းလျှောက်ပြနေသူ တရုတ်အမျိုးသမီးလေးတစ်ဦးကို တွေ့ရစဉ်။ (အောက်ပုံ)

တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်စုပြည်နယ် နန်နင်းမြို့တော်တွင် အသက် ၁၄ နှစ်အရွယ် လောင်ဖန်ကျီအမည်ရှိ တရုတ်အမျိုးသမီးလေးတစ်ဦးက ခြေထောက်တွင် ဖိနပ်နှင့် အဝတ်များမစီးထားဘဲ အလွတ်တမ်း လမ်းလျှောက်ပြခဲ့ကြောင်း သိရသည်။ ထိုသို့လမ်းလျှောက်ပြနိုင်ရန်မှာ ကြံ့ခိုင်ခြင်း၊ ကျန်းမာခြင်းနှင့် ကျွမ်းကျင်ခြင်းတို့ရှိရန်လိုအပ်သည်ဟုဆို၏။ **(အင်တာနက်)**

ကမ္ဘာ တစ် လွှား ထူး ထူး ခြား ခြား

ရှေးဟောင်းပန်းအိုး

ရှေးနှစ်ပေါင်းများစွာက လူတို့အသုံးပြုခဲ့သော ပန်းအိုးတစ်လုံးကို တွေ့ရစဉ်။ (အပေါ်ပုံ)

အဆိုပါ ပန်းအိုးကို အီဂျစ်နိုင်ငံ တောင်ပိုင်း လူဇောမြို့ရှိ ရှေးဟောင်း အဆောက်အအုံတစ်ခုအတွင်းမှ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ပြီး ရှေးခေတ်အီဂျစ်လူမျိုးတို့အသုံးပြုခဲ့သည့်ပန်းအိုးတစ်အိုးဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။ ၎င်းပန်းအိုး၏ ပုံသဏ္ဌာန်မှာ ဥတစ်လုံး၏ ပုံသဏ္ဌာန်ဖြစ်ပြီးအချို့နေရာများ ကျိုးပဲ့နေပြီဖြစ်ကြောင်းသိရသည်။ **(အင်တာနက်)**

ကမ္ဘာ့ဖလား အိမ်ရှင်ဂျာမနီ ပွဲဦးထွက် မျက်နှာပန်းလှနိုင်မည်လော အီကွေဒေါနှင့် ပိုလန်အသင်းတို့ပွဲ အုပ်စုဒုတိယနေရာအတွက် အရေးပါ

ရန်ကုန် ဇွန် ၇

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ဂျာမနီနိုင်ငံရှိ မြို့ကြီး ၁၂ မြို့၌ ဇွန် ၉ ရက်(မနက်ဖြန်)**မှစတင်၍ ကျင်းပတော့မည်ဖြစ်သည်။ ပြိုင်ပွဲဝင်အသင်းပေါင်း ၃၂ သင်း၏ အကြိတ်အနယ်ယှဉ်ပြိုင်မှုကို တစ်ကမ္ဘာလုံးမှ ဘောလုံးအားကစားဝါသနာရှင်များ ရင်ခုန်စွာ စောင့်စားနေကြပေပြီ။ ဖွင့်ပွဲနေ့ ဇွန် ၉ ရက် မြန်မာစံတော်ချိန် ည ၁၀ နာရီခွဲတွင် ပွဲဦးထွက်အဖြစ် အုပ်စု(က)မှ အိမ်ရှင်ဂျာမနီအသင်းနှင့် ကော့စတာရီကာအသင်းတို့သည် မြူးနစ်မြို့ရှိ Allianz Arena အားကစားကွင်းကြီး၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။**

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲသမိုင်းတစ်လျှောက်၌ ဘရာဇီးအသင်းပြီးလျှင် ဒုတိယအောင်မြင်မှုအရှိဆုံးအသင်းအဖြစ် မှတ်တမ်းဝင်သော ဂျာမနီအသင်းအနေဖြင့် ပွဲဦးထွက် မျက်နှာပန်းလှနိုင်ပါမည်လောဆိုသည်ကို ပရိသတ်များစိတ်ဝင်စားနေကြသည်။ ဂျာမနီအသင်းသည် အိမ်ရှင်ဖြစ်၍ ခြေစစ်ပွဲစဉ်များ မကစားခဲ့ရခြင်းအချက်ကို ပြောစရာရှိသော်လည်း အစဉ်အလာနှင့် ခြေစွမ်းအရ ထိပ်တန်းအဆင့်၌ ရှိနေဆဲဖြစ်သည်။

ဂျာမနီအသင်းအနေဖြင့် အုပ်စုပထမရရှိမှသာ နာမည်ကြီး အင်္ဂလန်အသင်းနှင့် ရှုံးထွက်အဆင့်၌ လွဲချော်မည့်အနေအထားဖြစ်ရာ ကော့စတာရီကာကို ပြတ်ပြတ်သားသား အနိုင်ကစားရန် တွန်းအားတစ်ရပ် ဖြစ်နေသည်။ ၁၉၅၄ ခုနှစ်၌ ကမ္ဘာ့ဖလားချန်ပီယံဖြစ်ခဲ့ပြီးနောက်ပိုင်း အုပ်စုအဆင့်မှ လှည့်ပြန်ခဲ့ရခြင်းမရှိသော ဂျာမနီအသင်းအနေဖြင့် ကော့စတာရီကာကို ခြေချော်လက်ချော်ဖြစ်စရာအကြောင်း မမြင်ချေ။

ဂျာမနီနည်းပြ ကလင်းစမန်းသည် ကစားသမားဘဝက ကမ္ဘာ့ဖလားရရှိခဲ့ဖူးသလို နည်းပြဘဝ၌ပါ ကမ္ဘာ့ဖလားရရှိရေးအတွက် ပွဲတိုင်းကို အင်ပြည့်အားပြည့် ကစားရမည်ကို နားလည်ထားမည် ဖြစ်သည်။

ကလင်းစမန်းသည် နည်းပြ ရူဒီဖောင်လာကို ဆက်ခံပြီးသည့်နောက်ပိုင်း၌ လူငယ်ကစားသမားများကို အခြေခံကာ ဘွန်ဒက်စ်လီဂါ၌ခြေစွမ်းပြနေသည့် ဘောလုံးသမားများနှင့် ပေါင်းစပ်ဖွဲ့စည်းထားသည်။ လူငယ်များအပေါ် အားထားမှုအတွက် ဝေဖန်မှုများရှိသော်လည်း ကလင်းစမန်းက လူငယ်များအပေါ် ယုံကြည်မှုအပြည့်ထားခဲ့သည်။

ထောက်ပြခဲ့

ဂျာမနီ အသင်းခေါင်းဆောင် မိုက်ကယ်ဘောလက် (ချယ်လ်ဆီး) နှင့် နည်းပြကလင်းစမန်းတို့ မသင့်မတင့်ဖြစ်နေသည်ဟု မီဒီယာများက မီးထိုးပေးနေကြသော်လည်း ကလင်းစမန်းက **"အသင်းခေါင်းဆောင်တစ်ဦးအနေဖြင့် အသင်းအပေါ် စိုးရိမ်နေသည်များကို ထုတ်ဖော်ပြောကြားခွင့်ရှိကြောင်း"** အမြင်ကြည်လင်စွာဖြင့် ပြောကြားခဲ့သည်။ မိုက်ကယ်ဘောလက်က ဂျပန်နှင့် ခြေစမ်းပွဲ၌ နောက်တန်း အားနည်းမှုရှိကြောင်း ထောက်ပြခဲ့ခြင်းဖြစ်သည်။

ဂျာမနီအသင်းသည်အိမ်ရှင်ဖြစ်၍ ဗိုလ်စွဲနိုင်သည်ဟု အများ၏ထင်ကြေးပေးခြင်းကို ခံနေရသော်လည်း ခြေစွမ်းအားဖြင့် အားရလောက်ဖွယ် မရှိသေးချေ။ နည်းပြ ကလင်းစမန်း လက်ထက်၌ ခြေစွမ်းပြပွဲရလဒ်များ အကောင်းကြီးမဟုတ်ဘဲ ရှုံးပွဲများကြုံတွေ့ခဲ့ရသည်။ ဘရာဇီး၊ တူရကီ၊ တောင်ကိုရီးယားနှင့် အီတလီအသင်းတို့ကိုရှုံးခဲ့ပြီး ဘရာဇီး၊ ပြင်သစ်၊ ဟော်လန်၊ အာဂျင်တီးနား၊ ရုရှားတို့နှင့် သရေကျခဲ့သည်။ ကမ္ဘာ့ဖလားပြိုင်ပွဲအကြို ခြေစမ်းပွဲ ကိုးပွဲကစားခဲ့ရာ ငါးပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံး ရလဒ်ရှိထားသည်။

လက်ရွေးစင်ဟောင်း ဂျာမနီနည်းပြ ကလင်းစမန်း။

အားနည်းမှု

ဂျာမနီအသင်းသည် ကမ္ဘာ့ဖလားအကြို နောက်ဆုံးခြေစမ်းပွဲ သုံးပွဲ ကစားခဲ့ရာ လူဇင်ဘတ်ကို ခုနစ်ဂိုး-ဂိုးမရှိ၊ ကိုလံဘီယာကို သုံးဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ဂျပန်နှင့် နှစ်ဂိုးစီ သရေကျခဲ့သည်။ ဂျပန်နှင့် နှစ်ဂိုးစီ သရေကျသောပွဲတွင် ဂျာမနီအသင်း နောက်တန်းအားနည်းမှု ရှိခဲ့သည်။ ကမ္ဘာ့ဖလားအကြို နောက်ဆုံးခြေစမ်းပွဲ၌ ကိုလံဘီယာကို သုံးဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းမှာ ဂျာမနီအတွက် အားတက်စရာဖြစ်ခဲ့သည်။ ဂျပန်နှင့်ပွဲ၌ နောက်တန်း သုံးယောက်ထားသည့် ခံစစ်ပုံစံချခဲ့သော်လည်း ကိုလံဘီယာနှင့်ပွဲတွင် နောက်တန်း လေးယောက်ပုံစံထားခဲ့ရာ အံဝင်ခဲ့သည်။ တောင်ပံတိုက်စစ်အားကောင်းပြီး ခံစစ်တိုက်စစ် မျှတသွားသည်။ ကော့စတာရီကာအသင်းနှင့် ကစားဟန်မတိမ်းမယိမ်းရှိသော ကိုလံဘီယာနှင့် ခြေစမ်းခဲ့ခြင်းမှာ ပွဲဦးထွက်အတွက် ပြင်ဆင်မှုတစ်ရပ်ပင်ဖြစ်သည်။

ကော့စတာရီကာအသင်း

ကော့စတာရီကာ အသင်းသည် ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားပွဲ၌ ခြေစစ်ပွဲအောင်မြင်ခဲ့ရာ နှစ်ကြိမ်ဆက်တိုက် ခြေစစ်ပွဲအောင်မြင်လာခြင်းဖြစ်သည်။ သို့သော်လည်း ကော့စတာရီကာအသင်း၏ လက်ရှိခြေစွမ်းမှာ ၂၀၀၂ ခုနှစ်ပြိုင်ပွဲကထက်ပင် အားနည်းသည်ဟု သုံးသပ်ခြင်းခံနေရသည်။ ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားပွဲတွင် ကော့စတာရီကာကို ကိုင်တွယ်ခဲ့သော နည်းပြဂွီမာရေး ပြန်လည် တာဝန်ယူပြီး နောက်ပိုင်းမှသာ ခြေစွမ်းတက်လာပြီး ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်း ဖြစ်သည်။

ကော့စတာရီကာ အသင်းသည် ခြေစစ်ပွဲသုံးကြိမ် အောင်မြင်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ် ပြိုင်ပွဲ၌ ဒုတိယအဆင့် ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်မှာ အမြင့်ဆုံး အောင်မြင်မှုဖြစ်သည်။ ၂၀၀၂ ခုနှစ်ကမ္ဘာ့ဖလားပွဲတွင် တရုတ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသော်လည်း အုပ်စုအဆင့်မှပင် လှည့်ပြန်ခဲ့ရသည်။ အုပ်စု(က)၌ ကော့စတာရီကာအသင်းကို အားအနည်းဆုံးဟု သတ်မှတ်ခြင်းခံနေရရာ ယခုပြိုင်ပွဲ၌လည်း အုပ်စုမှတက်ရန် မလွယ်လှချေ။ ကော့စတာရီကာအသင်းတွင် နာမည်ကျော် ဘောလုံးသမားများအဖြစ် ရော်နယ်ဂိုမက်ဇ် (ဆာပရစ်ဆာ)၊ ကားလို့စ်ဟာနန်ဒက်ဇ်(အလာဂျူးရန့်)၊ ဆာဘိုရီယို (ဆာပရစ်ဆာ)နှင့် ဝမ်ချော့ပ်(အယ်လ်ဂါရာဖာ)တို့ ပါဝင်သော်လည်း ဥရောပမှ ထိပ်တန်းကလပ်များ၌ ကစားနေကြသူများ မဟုတ်ကြချေ။

ခြေစစ်ပွဲစဉ်

ကော့စတာရီကာ အသင်းသည် တောင်အမေရိကဇုန်အုပ်စု နောက်ဆုံးခြေစစ်ပွဲစဉ်များတွင် တတိယနေရာမှ ခြေစစ်ပွဲ တိုက်ရိုက်အောင်မြင်ခဲ့သော အသင်းဖြစ်သည်။ နောက်ဆုံးအဆင့် ခြေစစ်ပွဲစဉ်များ၌ နာမည်ကြီး အမေရိကန်အသင်းအား အိမ်ကွင်း၌ သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ခြေစစ်ပွဲများ၌ ၁၈ ပွဲကစားခဲ့ရာ ခုနစ်ပွဲနိုင်၊ လေးပွဲသရေ၊ ခုနစ်ပွဲရှုံးခဲ့သည်။ ခြေစစ်ပွဲစဉ်များ၌ တိုက်စစ်မှူး ဝမ်ချော့ပ်က ရှစ်ဂိုးဖြင့် အသင်းအတွက် ဂိုးအများဆုံး သွင်းယူပေးခဲ့သည်။ ကမ္ဘာ့ဖလားအကြို ခြေစမ်းပွဲ ငါးပွဲကစားထားရာ တစ်ပွဲသာအနိုင်ရပြီး လေးပွဲရှုံးထားသည်။ ခြေစမ်းပွဲရလဒ်များမှာ တောင်ကိုရီးယားကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပြီး၊ ပြင်သစ်ကို သုံးဂိုး-နှစ်ဂိုး၊ အီရန်ကို သုံးဂိုး-နှစ်ဂိုး၊ ယူကရိန်းကို လေးဂိုး-ဂိုးမရှိ၊ ချက်ကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

ဂျာမနီနှင့် ကော့စတာရီကာတို့ ယခင်က ထိပ်တိုက်ဆုံတွေ့ခဲ့ဖူးခြင်း မရှိပေ။ ဂျာမနီနှင့် ကော့စတာရီကာ အသင်းတို့ကို နှိုင်းယှဉ်သော် ခြေစွမ်းအားဖြင့် ကွာခြားမှုရှိသည်မှာ ထင်ရှားသည်။ ဂျာမနီက တစ်ဦးချင်းရော အသင်းလိုက်ပါ အစစ သာလွန်နေသည်။ အဖွင့်ပွဲစဉ်လည်းဖြစ်၊ အိမ်ရှင်နှင့်လည်း ရင်ဆိုင်ရခြင်းဖြစ်ရာ ကော့စတာရီကာတို့ သူတင်ကိုယ်တင် ယှဉ်နိုင်ရန်မလွယ်ချေ။ ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားပွဲ၌ ဂျာမနီတို့ ဆော်ဒီအာရေဗျကို ရှစ်ဂိုး-ဂိုးမရှိဖြင့် ဂိုးသွင်းစံချိန်တင်ခဲ့သလို ယခုပွဲ၌ ဂိုးမိုးရွာပြမလား စောင့်ကြည့်ရမည်ဖြစ်သည်။

မိုက်ကယ်ဘောလက်

ဂျာမနီအသင်းတွင် မိုက်ကယ်ဘောလက်(ချယ်လ်ဆီး) တစ်ဦးသာလျှင် ကမ္ဘာ့ကျော်ဘောလုံးသမားဟု ဆိုနိုင်ပြီး ကျန်ကစားသမားများမှာ ဂျာမန် ဘွန်ဒက်စ်လီဂါ၌ ခြေစွမ်းပြနေသူများဖြစ်သည်။ နောက်တန်းလူ ရောဘတ်ဟုသ်မှာချယ်လ်ဆီး၌ကစားနေသော်လည်း ကလင်းစမန်း၏ တာထွက်အသင်း၌ ပါဝင်ရန် မသေချာပေ။ ဂိုးသမား လေမန်း(အာဆင်နယ်)က အိုလီဗာခန်း (ဘိုင်ယန်မြူးနစ်)ကိုကျော်၍ တာထွက်ဂိုးသမားဖြစ်နေသည်။ ရှေ့တန်းမှ ကလိုဆေးနှင့် ပိုဒေါ့စကီးတို့ ဂိုးသွင်းခြေမှန်နေပြီး အလယ်တန်းမှ ရှနိုက်ဒါ၊ ဘောလက်၊ ရှဝိန်းစတိုင်ဂါနှင့် ဖရင်းစ်တို့လည်း အခွင့်သာလျှင် ဂိုးတက်သွင်းနိုင်ကြသည်။

ကော့စတာရီကာ အသင်းမှာ အတွေ့အကြုံရင့်ကျက်သူများ ဖြစ်၍ ဂျာမနီအသင်းကို ဂိုးမပေးရအောင် မည်မျှတောင့်ခံနိုင်မည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။ ဂျာမနီတို့ အဖွင့်ဂိုး မရမီသာ ခက်ခဲဖွယ်ရှိသော်လည်း အဖွင့်ဂိုး အရစောခဲ့လျှင် အပေါ်စီးမှ စိတ်ကြိုက်ကစားသွားနိုင်မည် ဖြစ်သည်။ ဂျာမနီအသင်းအနေဖြင့် အိမ်ရှင်အခွင့်အရေးအရ အဖွင့်ပွဲစဉ်၌ အုပ်စုတွင်း အားအနည်းဆုံးဟု ယူဆသော ကော့စတာရီကာအသင်းနှင့် ကစားရန် ဆုံးဖြတ်ခဲ့ခြင်းမှာ မမှားလောက်ဟု ထင်မိသည်။ ဂျာမနီအသင်း ဂိုးမပြတ်သည့်တိုင် အနိုင်ရရန် သေချာနေသည်။

ပိုလန်နှင့် အီကွေဒေါ

ဇွန် ၁၀ ရက် မြန်မာစံတော်ချိန် နံနက် ၁ နာရီခွဲတွင် အုပ်စု(က)မှ ပိုလန်အသင်းနှင့် အီကွေဒေါအသင်းတို့သည် ဂျယ်လ်ဆင်ကာချန်မြို့ရှိ Aufschalke Arena အားကစားကွင်း၌ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ပိုလန်အသင်းသည် ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားပွဲတွင် ခြေစစ်ပွဲအောင်မြင်ခဲ့၍ နှစ်ကြိမ်ဆက်တိုက် ခြေစစ်ပွဲအောင်မြင်လာခြင်းဖြစ်သည်။ ၂၀၀၂ ခုနှစ် ပြိုင်ပွဲတွင် အုပ်စုပထမအဆင့်မှပင် လှည့်ပြန်ခဲ့ရသော်လည်း ယခုပြိုင်ပွဲ၌ ရှုံးထွက်အဆင့်သို့ တက်နိုင်ရန် အလားအလာကောင်းသည်ဟု ထင်ကြေးပေးခြင်း ခံနေရသည်။ ၁၉၈၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ တတိယရရှိခဲ့သည်မှာ အမြင့်ဆုံး အောင်မြင်မှုပင်ဖြစ်သည်။ ၁၉၈၆ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဒုတိယအဆင့် ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီးနောက် ခြေစစ်ပွဲမအောင်မြင်ဘဲ ဖြစ်ခဲ့ရာမှ ၂၀၀၂ ခုနှစ်တွင် တစ်ကျော့ပြန် ခြေစစ်ပွဲအောင်ခဲ့ခြင်းဖြစ်သည်။

ကျေနပ်ပြီ

ပိုလန်အသင်း နည်းပြ ပါဝယ်လ်ဂျန်နက်စ်သည် ပိုလန်နိုင်ငံသားဖြစ်ပြီး ရှုံးထွက်အဆင့် ၁၆ သင်းစာရင်းဝင်လျှင် ကျေနပ်ပြီဟု ကြွေးကြော်ထားသည်။ ပိုလန်အသင်းသည် ဥရောပဇုန် ခြေစစ်ပွဲ အုပ်စု(၆)၌ ပါဝင်ပြီး အကောင်းဆုံး ဒုတိယနှစ်သင်းနေရာမှ တစ်နေရာရရှိပြီး ခြေစစ်ပွဲ အောင်မြင်လာခြင်းဖြစ်သည်။ ခြေစစ်ပွဲစဉ်များ၌ ၁၀ ပွဲကစားရာ ရှစ်ပွဲနိုင်ပြီး နှစ်ပွဲရှုံးခဲ့သည်။ အင်္ဂလန်အသင်းကို အဝေးကွင်း၊ အိမ်ကွင်း နှစ်ကျော့စလုံး ရှုံးခဲ့သည်မှလွဲ၍ ဩစတြီးယား၊ မြောက်အိုင်ယာလန်၊ ဝေးလ်စ်နှင့် အဇာဘိုင်ဂျန်တို့ကို အနိုင်ရရှိခဲ့သည်။

ပိုလန်အသင်း၏ လက်ရှိ ကမ္ဘာ့အဆင့်မှာ ၂၈ ဖြစ်သည်။ နာမည်ကျော် ဘောလုံးသမားများအဖြစ် ကာဇီနိုဝက်(လေဗာကူဆင်)၊ ဖရန်ကောစကီး(ရပ်ဖ်)နှင့် ဇူရောစကီး (ဆဲလ်တစ်)တို့ ပါဝင်ကြသည်။ နည်းပြဂျန်နက်စ်သည် ပိုလန်အသင်းကို ၄-၄-၂ ပုံစံဖြင့် အထိုင်ချပြီး ဥရောပကစားဟန်ဖြစ်သည့် အဝေးပေး အမြင့်ဘောများကိုသုံးပြီး တန်ပြန်တိုက်စစ်ကို အားပြုသည်။ ခြေစစ်ပွဲစဉ်များတွင် ၂၇ ဂိုး သွင်းယူခဲ့ရာ ဟော်လန်(နယ်သာလန်) အသင်းနှင့်အတူ ဥရောပအသင်းများထဲ၌ တတိယဂိုး အများဆုံးသွင်းယူသည့် မှတ်တမ်းဝင်ခဲ့သည်။

ဂျာမနီတိုက်စစ်မှူး ကလိုဆေး။

အီကွေဒေါ

အီကွေဒေါအသင်းသည် ၁၉၆၂ ခုနှစ်မှစတင်၍ ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲစဉ်များ၌ ၁၀ ကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခြေစစ်ပွဲအောင်မြင်ခြင်းမရှိဘဲ ၂၀၀၂ ခုနှစ်မှသာ ပထမဆုံး ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်း ဖြစ်သည်။ ယခုနှစ်ပြိုင်ပွဲ၌ ခြေစစ်ပွဲအောင်မြင်လာခြင်းမှာ ဒုတိယအကြိမ်ဖြစ်သလို နှစ်ကြိမ်ဆက်တိုက် ခြေစစ်ပွဲ အောင်မြင်ခြင်းဖြစ်သည်။ တောင်အမေရိကတိုက် ခြေစစ်ပွဲစဉ်များ၌ ၁၀ သင်း ယှဉ်ပြိုင်ရခြင်းဖြစ်ရာ အီကွေဒေါအသင်းသည် ဘရာဇီးနှင့် အာဂျင်တီးနားတို့၏အောက် တတိယနေရာမှ ထိုက်ထိုက်တန်တန် ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။ အီကွေဒေါအသင်း၏ လက်ရှိ ကမ္ဘာ့အဆင့်မှာ ၃၉ ဖြစ်သည်။

အီကွေဒေါအသင်းသည် ခြေစစ်ပွဲစဉ်များ၌ အိမ်ကွင်း ရှုံးပွဲမရှိဘဲ ဘရာဇီး၊ အာဂျင်တီးနားနှင့် ပါရာဂွေးတို့ကို အနိုင်ကစားခဲ့သည်။ ခြေစစ်ပွဲစဉ်များ၌ ၁၈ ပွဲကစားရာ ရှစ်ပွဲနိုင်၊ လေးပွဲသရေ၊ ခြောက်ပွဲရှုံးခဲ့သည်။ အီကွေဒေါအသင်း၏ ဦးဆောင်ကစားသမားများမှာ အက်ဒီဆင်မန်ဒက်ဇ် (LDUကွီတို)၊ ဒီလာခရုဇ် (အက်စတွန်ဗီလာ)နှင့် အက်ဒ်ဝင်တီနိုရီယို(ဘာစီလိုနာ)တို့ ဖြစ်ကြသည်။ ကိုလံဘီယာနိုင်ငံသား နည်းပြလူးဝစ်ဆွာရက်သည် ၂၀၀၄ ကိုပါအမေရိကဖလားပြိုင်ပွဲ၌ အခြေမလှခဲ့သော အီကွေဒေါအသင်းကို ကမ္ဘာ့ဖလားခြေစစ်ပွဲ အောင်မြင်အောင် စွမ်းဆောင်နိုင်ခဲ့သည်။

အခွင့်အလမ်း

နည်းပြဆွာရက်ဇ်သည် အီကွေဒေါအသင်းကို ၄-၄-၂ ပုံစံပင် အထိုင်ချ တည်ဆောက်ထားသော်လည်း ပိုလန်အသင်းနှင့် ကစားဟန်မတူဘဲ တောင်အမေရိကဟန် ခပ်မာမာ ကစားလေ့ရှိသည်။ အီကွေဒေါအသင်း၏ တောင်အမေရိကတိုက် ကစားဟန်နှင့် ပိုလန်အသင်း၏ ဥပရောပတိုက် ကစားဟန်တို့၏ အားပြိုင်မှုကို ကြည့်ရမည်ဖြစ်သည်။ တောင်အမေရိကတိုက်မှ အသင်းများနှင့် ဥရောပတိုက်မှအသင်းများ ဥရောပမြေ၌ ဆုံတွေ့လျှင် ဥရောပတိုက်မှအသင်းများ အနိုင်ရရန် အခွင့်အလမ်း ပိုသာသည်။

ပိုလန်အသင်းသည် ကမ္ဘာ့ဖလားအကြိုခြေစမ်းပွဲ၌ အုပ်စုတွင်းမှ ကော့စတာရီကာအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားသည်။ အီကွေဒေါအသင်းသည် အိမ်ကွင်း အားကောင်းသလောက် အဝေးကွင်းရလဒ် မကောင်းလှပေ။ အီကွေဒေါအသင်းသည် ကမ္ဘာ့ဖလားအကြို နောက်ဆုံးခြေစမ်းပွဲ သုံးပွဲ ယှဉ်ပြိုင်ကစားခဲ့ရာ မက်ဆီဒိုးနီးယားကို နှစ်ဂိုး-တစ်ဂိုး၊ ဂျပန်ကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးကာ ကိုလံဘီယာအသင်းနှင့် နှစ်ဂိုးစီသရေကျခဲ့သည်။

စိတ်ပျက်မိ

အီကွေဒေါအသင်း ခြေစမ်းပွဲရလဒ်များ အားရစရာမရှိသည့်ကြားထဲတွင် ဇွန် ၄ ရက်က ဂျာမနီနိုင်ငံမှ တက္ကသိုလ်အသင်းဖြစ်သော Kissing အသင်းအား အနိုင်ရရှိအောင် အပြင်းအထန်ကြိုးစားခဲ့ရပြီး ဂျာမနီတက္ကသိုလ်အသင်းက ဦးဆောင်ဂိုး နှစ်ဂိုးသွင်းယူခြင်းကိုပင် ခံရသဖြင့် နည်းပြ လူးဝစ်ဆွာရက်ဇ်က စိတ်ပျက်မိကြောင်း ပြောကြားခဲ့သည်။

ပိုလန်အသင်းနှင့် အီကွေဒေါအသင်းတို့ခြေစမ်းပွဲကစားခဲ့ရာ ပိုလန်အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ခြေစမ်းပွဲ၌ ပိုလန်အသင်းက ကိုလံဘီယာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးထားသော်လည်း အီကွေဒေါအသင်းက ကိုလံဘီယာနှင့်နှစ်ဂိုးစီ သရေကစားခဲ့သည့်အတွက် ခြေစွမ်းအားဖြင့် ကွာခြားလှသည်ဟု မဆိုနိုင်ပေ။ အခွင့်အရေးကို မလွတ်တမ်း အသုံးချနိုင်သူက နိုင်ပွဲတွေ့သွားနိုင်သည်။ ဥရောပမှ ပိုလန်အသင်း အနိုင်ရမည့်ဘက်မှ အလေးသာသော်လည်း အဖွင့်ပွဲစဉ်ဖြစ်၍ သရေဆိုသော ရလဒ်သာလျှင် ဖြစ်နိုင်ချေများသည်ဟု ပွဲကြိုသုံးသပ် ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

သုံးသပ်ရေးသားသူ-ကိုထွေး

ရှားပါးစာအုပ်များဖြင့် ပြည်သူတို့ကို အလင်းရောင်ပေးနေသော ဆရာကြီးပါရဂူ၏ "ရှန်တိနိကေတန်" စာကြည့်တိုက်သို့တစ်ခေါက်

တွေ့ဆုံမေးမြန်းသူ – မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ – တင်စိုး (မြန်မာ့အလင်း)

"ပြည်သူတွေအတွက် တစ်ခုခု အကျိုးပြုပေးခဲ့ချင်တယ်။ ဒါကြောင့် ဒီစာကြည့်တိုက်ကို ထူထောင်ဖြစ်တာပါ" စာရေးဆရာကြီး ပါရဂူ
ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၇

စိန်ရောင်ရွှေရောင်တို့ထက် ပညာရောင်က ပိုမိုထွန်းလင်းတောက်ပသည်ဟုဆို၏ ပညာအလင်းရောင်ထွန်းလင်းတောက်ပရန် လူတစ်ဦးအတွက်သာမက နိုင်ငံတစ်နိုင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသောအချက်တစ်ချက်ပင်ဖြစ်ပေသည်။

ဂုဏ်ယူဖွယ်

ပြည်သူတို့ အသိပညာအလင်းရောင်ရရှိစေရေးအတွက် မြန်မာနိုင်ငံတစ်ဝန်း ကျေးလက်ဒေသများ၌ပါ စာကြည့်တိုက်များဖွင့်လှစ်ခဲ့ရာ ကမ္ဘာပေါ်တွင် စာကြည့်တိုက်အများဆုံးတည်ရှိသော နိုင်ငံတစ်နိုင်ငံအဖြစ် ဂုဏ်ယူဝံ့ကြွားစွာ ရပ်တည်နိုင်ခဲ့လေပြီ။

ထိုသို့ ပြည်သူတို့အတွက် အသိပညာ ဗဟုသုတများရရှိစေရေး ရည်ရွယ်ပြီး စာရေးဆရာကြီးပါရဂူက **"ရှန်တိနိကေတန်"** အမည်ဖြင့် စာကြည့်တိုက်တစ်ခုကို ရန်ကုန်မြို့ ရွှေပေါက်ကံမြို့သစ် အမှတ် ၉၈၈–၉၉၀ (၁၆)ရပ်ကွက် ဦးပုညလမ်း၌ တည်ထောင်ဖွင့်လှစ်ထားရာ စာရေးဆရာကြီးပါရဂူနှင့် စာကြည့်တိုက်ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ မြန်မာ့အလင်း သတင်းအဖွဲ့က သွားရောက်တွေ့ဆုံ မေးမြန်းခဲ့သည်။

စာပေအမွေ

စာကြည့်တိုက်ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ဆရာကြီးပါရဂူက **"မိမိရှေ့က နိုင်ငံကျော်စာရေးဆရာကြီးတွေ အများကြီးရှိတယ်။ သူတို့ကွယ်လွန်သွားတဲ့အခါ စာပေအမွေတွေ မကျန်ခဲ့ကြတော့ဘူး၊ သူတို့တွေ စုဆောင်းလေ့လာခဲ့တဲ့စာအုပ်တွေဟာအကြောင်းအမျိုးမျိုးနဲ့ပျောက်ပျက်ပြီးပျက်စီးကုန်တယ်။ မိမိက တစ်ဦးတည်းသမားဆိုတော့ ဒီလိုလည်းအဖြစ် မခံနိုင်ဘူး၊ နောက်ပြီး ပြည်သူတွေအတွက်လည်း တစ်ခုခု အကျိုးပြုပေးခဲ့ချင်တယ်။ ဒါကြောင့် ဒီစာကြည့်တိုက်ကို ထူထောင်ဖြစ်တာပါ"**ဟု ပထမဦးစွာ ပြောကြားသည်။

အသက် ၈၅နှစ် အရွယ်ရှိပြီဖြစ်၍ ၂၀၀၂ခုနှစ်က တစ်သက်တာ စာပေဆုရှင်လည်းဖြစ်သည့် စာရေးဆရာကြီး ပါရဂူသည်ကျန်းမာရေးကောင်းမွန်စွာ စာပေရေးသားမှုများကို ပြုလုပ်နေဆဲပင်ဖြစ်သည်ကို ဝမ်းမြောက်စွာတွေ့မြင်ရသည်။ ဆက်လက်ပြီး စာကြည့်တိုက်ထူထောင်ရေးကြိုးစားခဲ့ရပုံနှင့် ပတ်သက်၍လည်း "စာကြည့်တိုက်ဖွင့်ဖို့

"ဗုဒ္ဓဘာသာနဲ့ ပတ်သက်တဲ့ စာအုပ်တွေကို ဖတ်ဖြစ်ပါတယ်"
ဦးဆန်းထွန်း
(ပြည်သူ့ဆောက်လုပ်ရေးဝန်ထမ်း၊ အငြိမ်းစား)
ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ခဲ့ခြင်းဖြစ်ပါတယ်"ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

စာကြည့်တိုက်ဖွင့်ပွဲ၌ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကိုယ်တိုင် တက်ရောက်အားပေးချီးမြှင့်ခဲ့ခြင်းကလဲ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်"ဟုလည်းဆရာကြီးပါရဂူကဝမ်းသာအားရ ပြောကြားသည်။

ရှန်တိနိကေတန်

စာကြည့်တိုက်အမည်ကို"ရှန်တိနိကေတန်"ဟု အမည်ပေးခြင်းနှင့် ပတ်သက်၍ ကမ္ဘာကျော်စာရေးဆရာကြီး ရာဗင်ဒရာနတ်တဂိုး၏ တက္ကသိုလ်ကျောင်းနာမည်ကို နှစ်သက်သဘောကျ၍ သုံးထားခြင်းဖြစ်ပြီး အဓိပ္ပာယ်မှာ ရှန်တိ=ငြိမ်းချမ်းရေး၊ ကေတန်=ဗိမာန်ဟူ၍ဖြစ်ရာ ငြိမ်းချမ်းရေးဗိမာန်ဟု အဓိပ္ပာယ်ရကြောင်း သိရသည်။

ဆက်လက်ပြီးစာအုပ်အမျိုးအစားနှင့် အရေအတွက်ကို မေးမြန်းရာ "စာကြည့်တိုက်ဖွင့်ခါစ၌ စာအုပ်ပေါင်း ငါးထောင်ခန့်ရှိကြောင်း၊ အခု

ပါရဂူ၏ ရှန်တိနိကေတန် စာကြည့်တိုက်၌ မြန်မာ၊ အင်္ဂလိပ်၊ ပါဠိနှင့် ဟိန္ဒီဘာသာ စာအုပ်များကို ဤသို့စနစ်တကျထားရှိသည်။
ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ပြီးခဲ့တဲ့ ၂၀၀၀ပြည့်နှစ်က စိတ်ကူးရပြီး အကောင်အထည်ဖော်ခဲ့တာ၊ မိမိနှစ်ပေါင်းစွာ စာရေးပြီး ချွေချွေတာတာ စုဆောင်းခဲ့တဲ့ ငွေကြေးနဲ့ ပထမဆုံး မတည်တယ်။ အချို့လှူဒါန်းမှုတွေရှိတယ်။ မိမိကိုယ်ပိုင်နှစ်ရှည်လများလေ့လာဖတ်ရှုသိမ်းဆည်းထားတဲ့ စာအုပ်တွေနဲ့ စတင်ခဲ့တာ ၂၀၀၅ခုနှစ် ဒီဇင်ဘာမှာ စာကြည့်တိုက်ရပ်လုံးပေါ်လာ

စာအုပ်အမျိုးအစားပေါင်း တစ်သောင်းခွဲခန့်ရှိကြောင်း၊ အထူးသဖြင့် မြန်မာ၊ အင်္ဂလိပ်၊ ပါဠိ၊ ဟိန္ဒီဘာသာစာအုပ်များနှင့်သက္ကတ ဘာသာဖြင့်ရေးသားထားသော စာအုပ်များ၊ သီရိလင်္ကာ ရှေးဟောင်းကဗျာစာအုပ်များနှင့် ဂျပန်စာအုပ်များ၊ ဥပဒေရေးရာစာအုပ်များ အစုံအလင်ရှိကြောင်း"ဆရာကြီး ပါရဂူက မြန်မာ့အလင်းသို့ ရှင်းပြသည်။

ရှန်တိနိကေတန် စာကြည့်တိုက်သည် ဘာသာစကားစာအုပ်များနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၌ အပြည့်အစုံဆုံး စာကြည့်တိုက်တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံတွင် တတိယမြောက် စာအုပ်စာတမ်းပြည့်စုံသည့် စာကြည့်တိုက် တစ်ခုဖြစ်လာရန် ရည်မှန်းထားသည်ဟု ဆရာကြီးပါရဂူက ပြောကြားသည်။

"စာဖတ်ရတာ အေးချမ်းပါတယ်" မောင်အောင်မြင့်နိုင်
ဝိဇ္ဇာဘွဲ့ရကျောင်းသား
ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ရေရှည်တည်တံ့ရေး

စာကြည့်တိုက်၌ ဝန်ထမ်းသုံးဦးရှိရာ ၎င်းတို့၏ လစာငွေများကို ဆရာကြီး၏ စာရေး၍ရသော စာမူခများဖြင့် လစဉ်ထောက်ပံ့နေကြောင်းလည်း သိရသည်။ စာကြည့်တိုက်ရေရှည်တည်တံ့ရန်အတွက် ဆရာ ကြီးပါရဂူရေးသားခဲ့သော စာအုပ်ပေါင်း ၁၂၀ ခန့်ကို မူပိုင်ပြုလုပ်ပြီး ကော်မတီဖွဲ့ကာ စာချုပ်နှင့်တကွ လွှဲပြောင်းပေးခဲ့မည်ဖြစ်သည်။ စာအုပ်များ ထုတ်လုပ်ရရှိရာမှ ငွေကြေးများဖြင့် ရေရှည်တည်တံ့အောင် ဆောင်ရွက်သွားမည်ဟု သိရသည်။

ထို့နောက် စာကြည့်တိုက် မန်နေဂျာဖြစ်သူ ကိုမိုးမြင့်ဇော်အား စာကြည့်တိုက်ရှိ စာအုပ်စာတမ်းများနှင့် ပတ်သက်၍မေးမြန်းရာ "နေ့စဉ် မြန်မာ့အလင်း၊ ကြေးမုံ၊ နယူးလိုက်ဖ်အော့မြန်မာသတင်းစာတွေယူတယ်၊ လစဉ်ထွက်တဲ့ ကလျာ၊ သောင်းပြောင်းထွေလာ၊အတွေးအမြင် စတဲ့မဂ္ဂဇင်းတွေ၊ အပတ်စဉ်ထွက်တဲ့ ဂျာနယ်တွေရှိတယ်။ ဒါတွေက ဆရာကြီး စာရေးဖို့အတွက် မေတ္တာလက်ဆောင်ရတဲ့ စာအုပ်စာတမ်းတွေပါ။ အများအားဖြင့် စာကြည့်တိုက်လာတဲ့သူ တွေက ရသ၊ သုတစာအုပ်တွေ ဖတ်တာများတယ်။ စာအုပ်တော့မငှားပါဘူး။ ဒီစာကြည့်တိုက်မှာပဲ လေ့လာလို့ရပါတယ်။ စာအုပ်တွေက ရှားပါးလို့ပါ" ဟု ဖြေကြားသည်။

ရှန်တိနိကေတန် စာကြည့်တိုက်အတွင်း စာအုပ်လာရောက်ဖတ်ရှု လေ့လာနေသူများနှင့် တွေ့ဆုံမေးမြန်းရာ

"စာကြည့်တိုက်မှာ ရှေးခေတ် ဥပဒေစာအုပ်တွေအပြင်ယခုခေတ် ဥပဒေစာအုပ်တွေလဲ ရှိတယ်"
မသင်းသင်းခိုင်
အလုပ်သင်ရှေ့နေ
ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

မြောက်ဥက္ကလာပမြို့နယ် မေဓာဝီလမ်းဆုံ၌ နေထိုင်သူ ပြည်သူ့ဆောက်လုပ်ရေးဝန်ထမ်း အငြိမ်းစား ကိုဆန်းထွန်းက"အမြဲလိုလို ရောက်ဖြစ်ပါတယ်။ ဗုဒ္ဓဘာသာနဲ့ ပတ်သက်တဲ့ စာအုပ်တွေကို ဖတ်ဖြစ်ပါတယ်။ လောလောဆယ်တော့ ဆရာကြီး ပါရဂူရေးတဲ့ 'မဟာလူသားဗုဒ္ဓ' စာအုပ်ကို လေ့လာနေပါတယ်။ ဒီစာကြည့်တိုက်ဟာ ကျွန်တော့်အတွက် အိုအေစစ်တစ်ခုပါ"ဟု ပြောကြားသည်။

တစ်ဖန် စာကြည့်တိုက်အတွင်း မြသန်းတင့်၏ "ရေပွက်ပမာ"စာအုပ်ကို လေ့လာဖတ်ရှုနေသူဒဂုံတက္ကသိုလ် အဏုဇီဝ ပထမနှစ်ကျောင်းသူ မခင်စုလှိုင်အား မေးမြန်းရာ "ဆရာကြီးပါရဂူ စာကြည့်တိုက်မှာ စာအုပ်တွေအရမ်းစုံတယ်။ ဗဟုသုတရစရာ၊ မှတ်သားစရာ စာအုပ်တွေများတယ်။ သမီးကိုယ်တိုင် အဘိုးအမွေပေးခဲ့တဲ့ 'King George The Fifth His Life And Times' ရှေးဟောင်း စာအုပ်ကို ဒီစာကြည့်တိုက်မှာ လှူထားပါတယ်။ နောက်လဲစာအုပ်တွေလာလှူဦးမှာပါ"ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

အတွေးအခေါ်

ထို့နောက် စာရေးဆရာ ကိုတာ၏"ပြန့်ထွက်တွေးခြင်း"စာအုပ်ကို ဖတ်ရှုနေသည့် ရွှေပေါက်ကံနေ ဝိဇ္ဇာဘွဲ့ရ မောင်အောင်မြင့်နိုင်အား မေးမြန်းရာ"အတွေးအခေါ်ပိုင်းစာအုပ်တွေ ဖတ်ဖြစ်တယ်။ တက္ကသိုလ်စာကြည့်တိုက်နဲ့ အခြားစာကြည့်တိုက်တွေနဲ့ မကွာဘူး။ စာအုပ်တွေစုံတယ်။ စာဖတ်ရတာ အေးချမ်းတယ်။ ကျမ်းပြုနိုင်လောက်တဲ့ စာအုပ်တွေ အများကြီးရှိတယ်"ဟု ပြောကြားသည်။

ထို့ပြင် စာကြည့်တိုက်အမြဲတမ်းစာလာဖတ်သူ အလုပ်သင်ရှေ့နေ မသင်းသင်းခိုင်က "ဆရာကြီးပါရဂူ စာကြည့်တိုက်လာဆောက်မည်ဆိုကတည်းက ပျော်နေတာ၊ အခုစာကြည့်တိုက်ပြီးကတည်းကအမြဲရောက်တယ်။ ဥပဒေစာအုပ်တွေ ဖတ်ဖြစ်တယ်။ ရှေးခေတ်ဥပဒေ စာအုပ်တွေအပြင် အခုခေတ် ဥပဒေစာအုပ်တွေလဲရှိတယ်"ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

"ဒီစာကြည့်တိုက်မှာ ဗဟုသုတရစရာ၊မှတ်သားစရာ စာအုပ်တွေ များပါတယ်" မခင်စုလှိုင်
(ပထမနှစ်ကျောင်းသူ၊ ဒဂုံတက္ကသိုလ်)
ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ကျမ်းပြုရန်လေ့လာ

ရှန်တိနိကေတန် စာကြည့်တိုက်မှာ ပထမ၌ရည်ညွှန်းစာကြည့်တိုက်တစ်ခုအဖြစ် ရည်ရွယ်ခဲ့သော်လည်း နောက်ပိုင်းအလွှာစုံမှ ပြည်သူများအတွက် ရည်စူးပြီး စာအုပ်မျိုးစုံတင်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ ဒေါက်တာဘွဲ့ယူကြမည့်ကျောင်းသားများလာရောက်ကာ ကျမ်းပြုရန်လေ့လာမှုလည်း ရှိနေကြသည်ဟု ဆရာကြီးပါရဂူက မြန်မာ့အလင်းသို့ ပြောကြားသည်။

စာကြည့်တိုက်ရှိ စာအုပ်များမှာ ရှားပါးလွန်းသဖြင့်၊ အပြင်သို့မငှားသဖြင့် မိတ္တူကူးယူနိုင်ရန်အတွက် မိတ္တူစက်တစ်စုံ လောလောဆယ်လိုအပ်နေကြောင်း၊ စာပေလေ့လာသူများအတွက် ပိုမိုအထောက်အကူပြုနိုင်ရန်အတွက် ဖြစ်ကြောင်းလည်း ဆရာကြီးက ရှင်းပြသည်။

အဖိုးတန်

ဘဝတစ်လျှောက်လုံး စာပေနှင့်မွေ့လျော်ပြီး အသိပညာပေးစာပေ၊ ဘာသာရေးစာပေများကို အစဉ်တစိုက်ရေးသားခဲ့သော ဆရာကြီးပါရဂူ စာကြည့်တိုက်သည် စာပေလေ့လာလိုက်စားသူများအတွက် တန်ဖိုးမဖြတ်နိုင်သော အဖိုးတန် စာကြည့်တိုက်တစ်ခုဖြစ်ပါကြောင်း လေ့လာရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ပါရဂူ၏ ရှန်တိနိကေတန်စာကြည့်တိုက်ကို ဤသို့ ခံ့ညားထည်ဝါစွာ တွေ့ရသည်။
ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

မြို့နယ်တိုင်း မြေလွတ်မြေရိုင်းများဖော်ထုတ်ပြီး တိုးချဲ့စိုက်ပျိုး ဒေသဆန်ဖူလုံရေးနှင့် လယ်ယာကဏ္ဍ ရည်မှန်းချက်အောင်မြင်ရန် ကြိုးပမ်း စက်မှုကုန်ကြမ်းရော်ဘာကို တစ်နိုင်တစ်ပိုင်မှသည် စီးပွားဖြစ်လုပ်ကိုင်

ရန်ကုန် ဇွန် ၇

တနင်္သာရီတိုင်း မြိတ်မြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးနှင့် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဇွန် ၄ ရက်တွင် မြိတ်မြို့မှ နံနက် ၈ နာရီ ၁၀ မိနစ်တွင် ပပြင်ကျေးရွာသို့ရောက်ရှိပြီး မင်းထွန်းထရေးဒင်းကုမ္ပဏီ၏ ရော်ဘာစိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ တနင်္သာရီတိုင်း မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း မန်နေဂျာ ဦးခွန်ရွှေသင်းက တနင်္သာရီတိုင်းအတွင်း ရော်ဘာ ဧကနှစ်သိန်း ပြည့်မီရေးကို စီမံချက်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မင်းထွန်းထရေးဒင်းကုမ္ပဏီမှစီမံကိန်းတာဝန်ခံ ဦးအေးလွင်က ပပြင်ကျေးရွာ၌ ရော်ဘာဧက ၁၀၀၀ စိုက်ပျိုးရန် မြေရယူထားမှုနှင့် သုံးနှစ်အတွင်း ဧက ၁၀၀၀ ပြည့်မီစိုက်ပျိုးသွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

အလေးထားစိုက်ပျိုး

ထို့နောက် တိုင်းမှူးက တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အနေဖြင့် ရော်ဘာစိုက်ပျိုးလိုသူများ စိုက်ပျိုးမြေအလွယ်တကူ ရရှိရေးအတွက် လုပ်ကိုင်ခွင့်များကို အမြန်ဆုံးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရော်ဘာ စတင်စိုက်ပျိုးသည့် စိုက်ခင်းများအကြား၌ ဝမ်းစာစပါးရရှိရန်နှင့် ဒေသဝမ်းစာဖူလုံမှုကို အထောက်အကူပြုနိုင်သည့် သီးညှပ် ယာစပါးကိုပါ ထည့်သွင်းစိုက်ပျိုးကြပါက မိသားစု၏ စီးပွားရေး အဆင်ပြေမည်ဖြစ်၍ ရော်ဘာကို အထူးအလေးထား စိုက်ပျိုးကြစေလိုကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြိတ်ကျွန်းစုများဖြစ်ကြသည့် တန်ပေါ်ကြီးကျွန်းနှင့် ပါဝယ်ကျွန်းများ၌ ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းများလာရောက်လုပ်ကိုင်နေသော Ever Green Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးသန်းရွှေက ရော်ဘာ စိုက်ပျိုးရေးလုပ်ငန်းသည် ရေရှည်အကျိုးဖြစ်ထွန်းသည့် လုပ်ငန်းတစ်ခုဖြစ်သဖြင့် မြိတ်မြို့မှ မိုင် ၇၀ ကွာဝေးသော ကျွန်းစုများတွင် လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိရာ အောင်မြင်မှုများ ရရှိနေပြီဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ယနေ့အခမ်းအနားသည် ဒေသခံပြည်သူများအား ရော်ဘာစိုက်ပျိုးရေးနည်းပညာများကို ခေါ်ယူ ပြသသည့် အခမ်းအနားတစ်ခုလည်း ဖြစ်ကြောင်း။

အောင်မြင်ဖြစ်ထွန်း

နိုင်ငံတော်အကြီးအကဲက တနင်္သာရီ တိုင်းအတွင်း ရော်ဘာဧက နှစ်သိန်းပြည့်မီအောင် စိုက်ပျိုးသွားရန် လမ်းညွှန်မှာကြားခဲ့ကြောင်း၊ တနင်္သာရီတိုင်းသည် ရော်ဘာစိုက်ပျိုးရန် မြေလွတ်မြေရိုင်းများစွာရှိနေပြီး ဒေသခံများအနေဖြင့် ရော်ဘာသီးနှံစိုက်ပျိုးရေးသည် အကျွမ်းတဝင် ရှိနေကြပြီးဖြစ်ကြောင်း၊ အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးနိုင်သည့် အခြေအနေကောင်းများလည်းရှိကြောင်း။

ယနေ့ နိုင်ငံတော်တွင် စိုက်ပျိုးရေးထွက်ကုန်မှ နိုင်ငံခြားဝင်ငွေရှာဖွေပေးနေသည့် သီးနှံများအနက် ပဲမျိုးစုံပြီးလျှင် ရော်ဘာသည် နိုင်ငံခြားဝင်ငွေ ဒုတိယအများဆုံး ရှာဖွေပေးနေသော သီးနှံဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံခြားဝင်ငွေရရှိနိုင်သည့် စက်မှုကုန်ကြမ်းဖြစ်သော ရော်ဘာကို ဒေသခံပြည်သူများအနေဖြင့် တစ်ပိုင်တစ်နိုင်မှသည် စီးပွားဖြစ်စိုက်ပျိုးကြရန် အထူးအလေးအနက်ထား မှာကြားလိုကြောင်းပြောကြား၍ တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး တက်ရောက်လာကြသူများ၏ ရော်ဘာပျိုးပင်များ စိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

မင်းထွန်းထရေးဒင်း ကုမ္ပဏီက ယခုနှစ် ရော်ဘာစိုက်ပျိုးရေးရာသီတွင် ဧက ၂၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

တက်ရောက်အားပေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့ မြို့ရှောင်လမ်းကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးပြီး ပုလောမြို့နယ် မကျီးကုန်းကျေးရွာသို့ ရောက်ရှိကြ၍ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံတောင်သူများနှင့်အတူ ပုလောမြို့နယ်၏ ၂၀၀၆–၂၀၀၇ ခုနှစ် စိုက်ပျိုးရေးရာသီ မိုးစပါး စုပေါင်းထွန်ယက်ပွဲ အခမ်းအနားသို့ တက်ရောက် အားပေးကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက တနင်္သာရီတိုင်းတွင်မုတ်သုံမိုးစော၍ဝင်ရောက်ခဲ့သဖြင့် တောင်သူလယ်သမားများအနေဖြင့် မိမိတို့၏ လယ်ယာလုပ်ငန်းများကို စောစောစီးစီး ဝင်ရောက်နိုင်ကာ လယ်ယာပြုပြင်ရေးလုပ်ငန်းများကို စတင်နိုင်ပြီဖြစ်၍လည်း နိုင်ငံတော်အတွက်ရော တနင်္သာရီတိုင်းအတွက်ပါ မင်္ဂလာရှိသော နေ့တစ်နေ့ဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးကဏ္ဍ တိုးတက်ရေးအတွက် ၂၀၀၆–၂၀၀၇ ခုနှစ်တွင် မိုးစပါး ၁၆ ဒသမ ၄၄ သန်းဧက စိုက်ပျိုးပြီး အထွက်တင်းသန်းပေါင်း ၁၁၈၀ ရရှိရေး ရည်မှန်းဆောင်ရွက်လျက်ရှိရာ တနင်္သာရီတိုင်း၌ ယခုနှစ်တွင် မိုးစပါး ဧက ငါးသိန်း၊ နွေစပါးဧက ငါးသောင်း၊ ဆီအုန်းဧက ငါးသိန်း၊ ရော်ဘာဧက နှစ်သိန်း၊ ငရုတ်ကောင်းဧက ၃၆၀၄၁ ဧက ပြည့်မီရေးနှင့် ခြံစည်းရိုး ကြက်ဆူပင် ဧကငါးသိန်း စိုက်ပျိုးရေးကို ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

တနင်္သာရီတိုင်း၏ ဒေသဝမ်းစာ ဖူလုံရေးကိုကြည့်ပါက ၂၀၀၄–၂၀၀၅ ခုနှစ်တွင် ၉၉ ဒသမ ၈ ရာခိုင်နှုန်း၊ ၂၀၀၅–၂၀၀၆ ခုနှစ်တွင် ၁၁၅ ဒသမ ၂၈ ရာခိုင်နှုန်း ရရှိပြီးဖြစ်သော်လည်း နှစ်စဉ် တိုးတက်လာသော လူဦးရေအတွက် ယခုကတည်းက ကြိုတင်မျှော်တွေးကာ ဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း။

အစဉ်အမြဲကြိုးပမ်း

စိုက်ဧက ပြည့်မီရေး ကြိုးစားနေရုံသာမက တစ်ဖက်ကလည်း လုပ်မြေဖော်ခြင်း၊ မြေရိုင်း ဖော်ခြင်း၊ တာပတ်ခြင်း၊ ခနိုက် စပါးပြောင်းခြင်း၊ တောင်ယာစိုက်ပျိုးခြင်းနှင့် သီးညှပ်စိုက်ပျိုးခြင်း နည်းလမ်းခြောက်သွယ်ဖြင့် လျာထားချက်ပြည့်မီစေရန် အစဉ်အမြဲကြိုးပမ်းနေကြရမည်ဖြစ်ကြောင်း။

ထိုကဲ့သို့ လယ်ယာထွက်ကုန်တိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်ရာ၌ စက်ကိရိယာများကို အသုံးပြု၍ ထွန်ယက်ခြင်း၊ ရိတ်သိမ်းခြင်း၊ ခြွေလှေ့ခြင်းများကို ဆောင်ရွက်သွားကြရန်လည်း တစ်ဆက်တည်း မှာကြားလိုကြောင်း။

ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံတောင်သူလယ်သမားများက တနင်္သာရီတိုင်း၏ ဒေသဆန်ပိုလျှံရေးနှင့် လယ်ယာကဏ္ဍရည်မှန်းချက်များ အောင်မြင်ရန် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်း မှာကြားလိုကြောင်းဖြင့် ပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ပုလောမြို့နယ် မကျီးကုန်းကျေးရွာ လယ်ယာမြေများအတွင်း စက်ကိရိယာများဖြင့် စုပေါင်း ထွန်ယက်နေမှုကို ကြည့်ရှုအားပေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ပလောက်တပ်နယ်သို့ ရောက်ရှိ၍ ပလောက်တပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံကာ အမှာစကား ပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

တိုးချဲ့စိုက်ပျိုး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် သရက်ချောင်းမြို့နယ် အောက်သရက်ချောင်းကျေးရွာရှိ အဏ္ဏဝါစိုးမိုးကုမ္ပဏီလီမိတက်၏ ဆီအုန်းစိုက်ပျိုးရေး စီမံကိန်းသို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ တနင်္သာရီတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးတင်မောင်မြင့်က တနင်္သာရီတိုင်း၏ ဆီအုန်းစိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက်စိုက်ပျိုးရန်စီစဉ် ဆောင်ရွက်နေမှုတို့ကို လည်းကောင်း၊ အဏ္ဏဝါစိုးမိုးကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးကင်းစိန်က ဆီအုန်းစီမံကိန်းရှိ ဝန်ထမ်းအင်အားအခြေအနေ၊ ၁၉၉၈ ခုနှစ်မှ စတင်၍ ယခုအထိ ရော်ဘာဧက ၅၀၀၀ စိုက်ပျိုးနိုင်ခဲ့မှုနှင့် ဆီသီးထွက်ရှိမှု အခြေအနေတို့ကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက နှစ်စဉ် စိုက်ဧကတိုးတက်ရရှိရန် တိုးချဲ့စိုက်ပျိုးသွားရေးနှင့် ခြံစည်းရိုးကြက်ဆူပင်ကိုလည်း သီးညှပ်အဖြစ် ထည့်သွင်းစိုက်ပျိုးသွားကြရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးတို့သည် အဏ္ဏဝါစိုးမိုးကုမ္ပဏီအတွင်း ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

တစ်ပိုင်တစ်နိုင်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံကာ အိမ်ခြံဝင်းများအတွင်း မိသားစု တစ်ပိုင်တစ်နိုင် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးသွားကြရေး မှာကြားပြီး ခြံစည်းရိုးကြက်ဆူပင်များ တပျော်တပါး စိုက်ပျိုးနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် သရက်ချောင်းမြို့နယ် ရင်ကျေးရွာ၌ ကျင်းပသည့် ထားဝယ်ခရိုင်၏ ၂၀၀၆–၂၀၀၇ ခုနှစ် စိုက်ပျိုးရေးရာသီ စုပေါင်းထွန်ယက်ပွဲ အခမ်းအနားသို့ တက်ရောက် အားပေးကြသည်။

ဖြည့်စွက်တင်ပြ

ရှေးဦးစွာ သရက်ချောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လွင်နှင့် ခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးမြင့်သန်းတို့က စိုက်ပျိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက ယခုလာမည့် ၂၀၀၆–၂၀၀၇ ခုနှစ်တွင် ယမန်နှစ်များထက် အထွက်နှုန်း တိုးတက်မှုရရှိရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက သရက်ချောင်းမြို့နယ်သည် တနင်္သာရီတိုင်း၏ ဒေသဝမ်းစာဖူလုံရေးတွင် များစွာ အထောက်အကူပြုအားထားရသော မြို့နယ်တစ်ခုဖြစ်ကြောင်း၊ မြို့နယ်အတွင်း ပါရှိသည့် ရင်ကျေးရွာသည် သရက်ချောင်းမြို့နယ်အတွင်း မိုးစပါး၊ နွေစပါး အများဆုံး စိုက်ပျိုးပေးသော ကျေးရွာဖြစ်သဖြင့် ဒေသခံတောင်သူများကို အထူးပင် ကျေးဇူးတင်ရှိကြောင်း။

မြေလွတ်မြေရိုင်းများဖော်ထုတ်

တနင်္သာရီတိုင်းသည် မြေဩဇာနှင့် ရာသီဥတုကောင်းမွန်သော ဒေသဖြစ်ရာ သရက်ချောင်းမြို့နယ် အပါအဝင် မြို့နယ်တိုင်းသည် မြေလွတ်မြေရိုင်းများကို ဖော်ထုတ်ပြီး တိုးချဲ့စိုက်ပျိုးကြရန် မှာကြားလိုကြောင်း။

မိုးစပါးနှင့် နွေစပါးသာမက ဒေသနှင့် ကိုက်ညီသည့် ရော်ဘာ၊ ဆီအုန်း၊ ငရုတ်ကောင်းနှင့် ခြံစည်းရိုးကြက်ဆူပင်တို့ကိုပါ တိုးချဲ့စိုက်ပျိုးကြရန် လိုကြောင်းဖြင့် တိုက်တွန်းပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မိုးစပါး စိုက်ပျိုးရန် ခေတ်မီလယ်ယာသုံး စက်ကိရိယာများဖြင့် ထွန်ယက်နေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် ထားဝယ်မြို့နယ် ညောင်ဇင်စံပြကျေးရွာသို့ ရောက်ရှိကြပြီး ညောင်ဇင်စံပြကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ ရုပ်မြင်သံကြားဖမ်းစက်၊ ရေဒီယို၊ အလှူငွေနှင့်စာအုပ်များပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဦးဖေသန်းက စာကြည့်တိုက် ဖြစ်ပေါ်လာပုံကို ရှင်းလင်းတင်ပြသည်။

မှာကြား

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးကြည်က တနင်္သာရီတိုင်းအတွင်း ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက် ၁၁၁၆ တိုက်ဖွင့်လှစ်နိုင်ခဲ့မှု အခြေအနေကိုလည်းကောင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ် ခင်ဇော်ဦးက စာကြည့်တိုက်ကို ရေရှည်တည်တံ့စေရန် ထိန်းသိမ်းဆောင်ရွက်ကြရေးနှင့် လိုအပ်သောကိစ္စအဝဝများ ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ညောင်ဇင်စံပြကျေးရွာအတွက် ရုပ်မြင်သံကြားဖမ်းစက်နှင့် ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက်တို့ကို ပေးအပ်လှူဒါန်းရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ဝေက လက်ခံသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ် ခင်ဇော်ဦးက ရေဒီယိုငါးလုံးနှင့် စာအုပ် ၂၅၀ တို့ကိုလည်းကောင်း၊ တနင်္သာရီတိုင်းရေလုပ်ငန်းရှင်များ အဖွဲ့ဝင် သီရိသုခမ္မမဏိဇောတရေ ဦးအောင်ဝင်းနှင့် မိသားစုတို့က အလှူငွေကျပ် ၁၀ သိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက် ကော်မတီဝင် ဦးကြည်ရှိန်နှင့် ဦးအေးကြူတို့က လက်ခံကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ညောင်ဇင်စံပြကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

စုဆောင်းထားရှိ

အဆိုပါ ညောင်ဇင်စံပြကျေးရွာ စာကြည့်တိုက်တွင် စာကြည့်တိုက်အသင်းဝင် ၂၆၅ ဦးတို့ရှိပြီး စာကြည့်တိုက်၌ သုတ ရသစာအုပ်ပေါင်း ၃၂၇၆ အုပ် စုဆောင်းထားရှိကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ထားဝယ်မြို့သို့ ရောက်ရှိကြပြီး ညအိပ်ရပ်နားကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အကြီးအကဲက မြန်မာ့လူ့ဘောင်ကိုအစဉ်အမြဲသင်ယူနေသော လူ့ဘောင်ဖြစ်ရန်လမ်းညွှန်ခဲ့ ကျေးလက်ပြည်သူများ အသိပညာတိုးတက်ရေး ကျေးရွာစာကြည့်တိုက်များ စီမံချက်ချဖွင့်လှစ် ကမ္ဘာတွင် ပထမဦးဆုံး ကျေးရွာတိုင်း၌စာကြည့်တိုက်များဖွင့်လှစ်နိုင်၍ ဂုဏ်ယူဝင့်ကြွားနိုင်

ရန်ကုန် ဇွန် ၇

မွန်ပြည်နယ်လုံးကျွတ် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖွင့်လှစ်ပြီးစီးခြင်းအထိမ်းအမှတ်နှင့် ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲ၊ ရုပ်မြင်သံကြားပြစက်၊ ရေဒီယို၊ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ရှိ ရာမညခန်းမ၌ကျင်းပရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ မွန်ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စိုး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် စေတနာရှင်၊ အလှူရှင်များ တက်ရောက်ကြသည်။

လမ်းညွှန်မှာကြား

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီးတည်ဆောက်ရေးတွင် လိုအပ်မည့်အခြေခံအချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲက ပထမဆုံးအခြေခံလိုအပ်ချက်မှာ နိုင်ငံတည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးဖြစ်ထွန်းနေရန်ဖြစ်ကြောင်း၊ ဒုတိယအခြေခံလိုအပ်ချက်မှာ အမျိုးသားစီးပွားရေးဘဝခိုင်မာတောင့်တင်းရေးဖြစ်ကြောင်း၊ တတိယအခြေခံလိုအပ်ချက်မှာ နိုင်ငံတော်၏လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ ပညာရည်မြင့်မားရေးပင်ဖြစ်ကြောင်းကို လမ်းညွှန်မှာကြားခဲ့ကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မွန်ပြည်နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် အလှူရှင်များ လှူဒါန်းသော အလှူငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

ထင်ရှားစွာတွေ့မြင်

နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှာကြားချက်နှင့်အညီ ယင်းအခြေခံလိုအပ်ချက်သုံးရပ်ကို အစိုးရ၊ပြည်သူနှင့် တပ်မတော်တို့ လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ဤသို့ပူးပေါင်းဆောင်ရွက်မှုကြောင့် ယခုအခါ နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များကို ထင်ရှားစွာတွေ့မြင်နိုင်ကြပြီဖြစ်ကြောင်း။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ကျေးလက်ပြည်သူများအား ပညာရည်အဆင့်အတန်းမြင့်မားလာရေးအတွက် ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးသည် အဓိကကျသောကဏ္ဍတွင်ပါဝင်နေကြောင်း။

စာကြည့်တိုက်တစ်တိုက် ဖွင့်လှစ်နိုင်ခြင်းကို ပညာရှင်များက ထောင်တံခါးတစ်ချပ်ပိတ်သည်ဟု မိန့်ဆိုခဲ့ကြကြောင်း၊ အသိလိမ္မာ၊ အတတ်ပညာပို့ချရာ ဘဝတက္ကသိုလ်ဟုလည်း ခေါ်ဆိုနိုင်ကြောင်း၊ မွန်ပြည်နယ်အတွင်း ရပ်ကွက်စာကြည့်တိုက် ၈၂ တိုက်၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ၁၁၉၈တိုက် စုစုပေါင်းတိုက် ၁၂၈၀ ဖွင့်လှစ်ပြီးစီးနိုင်ရေးအတွက် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လမ်းညွှန်မှု၊ ဒေသဆိုင်ရာ အာဏာပိုင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင် အလှူရှင်များ၏ ကြိုးပမ်းလှူဒါန်းဆောင်ရွက်မှုများကြောင့် မွန်ပြည်နယ်လုံးကျွတ်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၁၆ရက်တွင်အပြီးဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အနေဖြင့်လည်း မွန်ပြည်နယ်အတွင်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပညာကျောင်းများ၌ မာလ်တီမီဒီယာစာသင်ခန်း ၂၄၀ နှင့် Learning Centre ၂၆ ခုတို့ကို ကွန်ပျူတာ ဆက်စပ်ပစ္စည်းများ၊ ဘာသာရပ်ဆိုင်ရာ စီဒီအခွေများကို ပံ့ပိုးလှူဒါန်းဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း။

ပိုင်းဝန်းပံ့ပိုး

မွန်ပြည်နယ်လုံးကျွတ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးအတွက် စေတနာသဒ္ဓါတရားထက်သန်စွာ ဝိုင်းဝန်းပံ့ပိုးလှူဒါန်းခဲ့ကြသော စေတနာရှင်၊ အလှူရှင်များအားလုံးအား ကျေးဇူးတင်ဝမ်းမြောက်မှုဖြင့် မှတ်တမ်းတင်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အခမ်းအနားသည် မွန်ပြည်နယ်အတွင်းရှိ ကျေးလက်ပြည်သူများ အသိပညာ၊ ဗဟုသုတကြွယ်ဝရေးအတွက် မွန်ပြည်နယ်လုံးကျွတ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီး ခြင်းအောင်ပွဲအခမ်းအနားဖြစ်၍ နိုင်ငံတော်အတွက်လည်းကောင်း၊ မွန်ပြည်နယ်အတွက်လည်းကောင်း၊ ကျေးလက်ပြည်သူများအတွက်လည်းကောင်း မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် အခမ်းအနားဖြစ်ကြောင်း၊ ထိုကဲ့သို့ တိုင်းလုံးကျွတ် စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် တိုင်းမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မွန်ပြည်နယ်အတွင်းမှ စေတနာရှင်၊ အလှူရှင်များအားလည်း ကျေးလက်ပြည်သူများကိုယ်စား မိမိတို့ ဝန်ကြီးဌာနကိုယ်စား အထူးကျေးဇူးတင်ရှိကြောင်း။

အလေးပေးဆောင်ရွက်

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်ရာ လူ့ဘောင်အဖွဲ့အစည်း၏ လုပ်ငန်းကိစ္စအဝဝဖြစ်သည့် ကုန်ထုတ်လုပ်ရေး၊ ပညာရေး၊ ကျန်းမာရေးတို့တွင် နည်းပညာများကို အသုံးပြု၍ ဆောင်ရွက်နေကြကြောင်း၊ အနာဂတ် တွင်လည်း မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုးမြှင့်ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ ထိုကဲ့သို့ ပညာဖြင့် အရာရာကိုစေစားနိုင်သည့် အချိန်အခါတွင် မိမိတို့နိုင်ငံအနေဖြင့် အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းပြီး မလိုက်နိုင်ပါက နစ်နာဆုံးရှုံးမှုများစွာ တွေ့ကြုံကြရမည်ဖြစ်ကြောင်း၊ ယခုအခါ မိမိတို့နိုင်ငံ၏ အမျိုးသား ပညာရည်မြင့်မားရေးအတွက် အနှစ် ၃၀ နှစ်ရှည်စီမံကိန်းကို ချမှတ်ဆောင်ရွက်ကာ ပညာရည်မြင့်မားရေးကို အလေးပေး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲက မြန်မာ့လူ့ဘောင်ကို အစဉ်အမြဲ သင်ယူလေ့လာနေသော လူ့ဘောင်ဖြစ်စေရန် လမ်းညွှန်မှာကြားခဲ့ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်စီမံပေးမှုကြောင့် ယနေ့ လူငယ်၊ လူရွယ်များသည် မိမိတို့နိုင်ငံအတွင်း၌ပင် နိုင်ငံတကာအဆင့်မီ ပညာရပ်များကို အလွယ်တကူ လက်လှမ်းတမီ သင်ယူနိုင်သည့် အခွင့်အလမ်းများ ရရှိနေကြပြီဖြစ်ကြောင်း၊ ထိုကဲ့သို့ လူငယ်လူရွယ်များအတွက်အခွင့်အလမ်းများ ပွင့်လန်းနေသော်လည်း မြန်မာနိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများအတွက်မူ အသိပညာမြင့်မားရန်၊ ဗဟုသုတတိုးပွားရန် အခွင့်အလမ်း နည်းပါးနေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ၎င်းတို့၏ အသိပညာ ဗဟုသုတ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ရန် စီမံချက်များကို ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းစီမံကိန်းကို ၂၀၀၄–၂၀၀၅ ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ရာ နိုင်ငံအတွင်း၌ ကျေးရွာ ၆၁၉၄၉ ရွာရှိသည့်အနက် ၂၀၀၆ ခုနှစ် မေ ၁၇ ရက်အထိ စာရင်းများအရ ကျေးရွာပေါင်း ၅၄၁၇၇ ရွာတွင် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ဖွင့်လှစ်တည်ထောင်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ မွန်ပြည်နယ်တွင် ရပ်ကွက်နှင့် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၁၂၈၀ ကို ပြည်နယ်လုံးကျွတ် ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ကမ္ဘာတွင် ပထမဦးဆုံးသောကျေးရွာတိုင်း၌ စာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်နိုင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ဂုဏ်ယူဝင့်ကြွားနိုင်တော့မည် ဖြစ်ကြောင်း၊ မိမိတို့သည် အမျိုးသားရေး တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်နိုင်သည်ကို ဂုဏ်ယူကြရမည်ဖြစ်ကြောင်း။

အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း မွန်ပြည်နယ်လုံးကျွတ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးခြင်း အထိမ်းအမှတ်နှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲ၊ ရုပ်မြင်သံကြား ပြစက်၊ ရေဒီယို၊ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အရေးပါလှ

ထိုကဲ့သို့ အမျိုးသားရေး တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်နိုင်သည်မှာ နိုင်ငံတော်၏အား၊ ဒေသခံပြည်သူများ၏ အားနှင့် စေတနာအလှူရှင်တို့၏ အား သုံးအားပေါင်းစည်းမှုကြောင့် ဖြစ်ကြောင်း၊ စေတနာအလှူရှင်များ၏အားမှာ အရေးပါလှကြောင်း၊ မိမိတို့ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်းပွဲ (၁၄)ကြိမ် ကျင်းပခဲ့ရာ အလှူရှင်များထံမှ စာအုပ် စာစောင်ပေါင်း နှစ်သန်းနှင့် ရုပ်မြင်သံကြားနှင့် ရေဒီယို တန်ဖိုး သိန်း၁၉၀၀ ကျော်၊ ငွေသားကျပ်သိန်းပေါင်း ၁၀၆၈ သိန်း အပါအဝင် စုစုပေါင်းတန်ဘိုးငွေကျပ် သိန်းပေါင်း ၃၀၀၀ကျော် လက်ခံရရှိခဲ့ပြီဖြစ်ကြောင်း၊ ယနေ့ အခမ်းအနားတွင် စေတနာရှင်အလှူရှင်များက စာအုပ်စာစောင်နှင့် ငွေသား အပါအဝင် ငွေကျပ်သိန်းပေါင်း ၂၀၀ ကျော် လှူဒါန်းကြမည်ဖြစ်ပြီး ယခင်က လှူဒါန်းပြီးသည့် ငွေကျပ် သိန်း ၃၀၀ ကျော် နှင့် ပေါင်းစပ်ပါက ငွေကျပ်သိန်း ၅၀၀ကျော် လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း၊ ယနေ့ လှူဒါန်းလိုက်သော စာအုပ် စာစောင်များ၊ ပစ္စည်းများနှင့် ငွေကြေးများကို မွန်ပြည်နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ၌သာ အသုံးပြုသွားမည်ဖြစ်ကြောင်း။

ထိုကဲ့သို့ အောင်မြင်မှုများရရှိခြင်းမှာ အားသုံးအားကြောင့်ဖြစ်ရာ နိုင်ငံတော် တည်ဆောက်ရေးတွင်လည်း ၎င်းအားသုံးအားဖြင့် ဆောင်ရွက်သွားမည်ဆိုပါက အောင်မြင်မှုများ မလွဲမသွေ ရရှိမည်ဖြစ်ကြောင်းကို တစ်ဆက်တည်းပြောကြားလိုကြောင်း။

ထူထောင်ပြီးသား ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ တည်တံ့ခိုင်မြဲစေရေးအတွက်လည်း ရေရှည်လုပ်ငန်းစဉ်ငါးရပ်ဖြင့် ချမှတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းစဉ်များမှာ ကျေးလက်နေပြည်သူများ စာဖတ်လိုစိတ်ရှိ၍ စာဖတ်ကြစေအောင် စည်းရုံးဆောင်ရွက်သွားရေး၊ ရရှိပြီး စာစောင်များကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေးနှင့် စာအုပ်စာစောင်အသစ်များတိုးပွားရရှိလာအောင် ငွေပဒေသာပင် စိုက်ထူဆောင်ရွက်ရေး၊ စာကြည့်တိုက် အဆောက်အအုံ မရှိသေးသည့် ကျေးရွာများ၌ အဆောက်အအုံ ဖြစ်လာရန် ဆောင်ရွက်စေရေး၊ စာကြည့်တိုက်များတွင် ပရိဘောဂပစ္စည်းများ စုံလင်စွာ ရှိလာစေရန် ဆောင်ရွက်ရေးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာကြည့်တိုက် ထိန်းသိမ်းရာတွင် ကျွမ်းကျင်သော စာကြည့်တိုက်မှူးများ ရရှိလာစေရန် လေ့ကျင့်ပျိုးထောင်သွားရေးတို့ပင်ဖြစ်ကြောင်း။

ယင်းလုပ်ငန်းစဉ်များကို ဒေသဆိုင်ရာ အာဏာပိုင်များ၊ ကျေးရွာအလိုက်စာကြည့်တိုက်ကော်မတီများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိမိတို့ဌာနမှ ဝန်ထမ်းများဟူသော အားလေးအားဖြင့် ဆက်လက်ဆောင်ရွက်ကြရန် တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မွန်ပြည်နယ်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းက ပြည်နယ်လုံးကျွတ် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍မွန်ပြည်နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် အလှူငွေများ၊ ရုပ်မြင်သံကြားပြစက်များ၊ ရေဒီယိုများနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲကိုကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းအား အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ လှူဒါန်းသော ရုပ်မြင်သံကြားပြစက်ကို အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဇော်မင်း၊ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ရုပ်မြင်သံကြားပြစက်ကို ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး စိုးမြင့်အောင်၊ မော်လမြိုင်ခရိုင်အတွင်းရှိ မြို့နယ်များက လှူဒါန်းသောရုပ်မြင်သံကြားပြစက်များကို မော်လမြိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အောင်နှင့် သထုံခရိုင်အတွင်းရှိ မြို့နယ်များက လှူဒါန်းသော ရုပ်မြင်သံကြားပြစက်များကို သထုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သော်ဇင်တို့က ပေးအပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းအား မွန်ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က လှူဒါန်းသော ငွေကျပ်တစ်သိန်းကို မွန်ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စိုး၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့က လှူဒါန်းသော ငွေကျပ်တစ်သိန်းကို ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ငြိမ်းငြိမ်းထိုက်၊ ပုံနှိပ်လုပ်ငန်းရှင်များ၊ သတင်းစာကိုယ်စားလှယ်များကလှူဒါန်းသော အလှူငွေကျပ် ၃၈၄၅၀၀ကို ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်း၊ ငါးလုပ်ငန်း၊ စည်ပင်၊ ပညာရေး၊ ဆောက်လုပ်ရေး၊ မီးရထားဌာနဆိုင်ရာများက လှူဒါန်းငွေကျပ် ၅၅၀၀၀၀ ကို ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်သိန်းဟန်၊ ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက လှူဒါန်းငွေကျပ်တစ်သိန်းကို ခေတ္တအတွင်းရေးမှူး ဦးခွန်ဖေမြ၊ ပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့ကလှူဒါန်းငွေကျပ်တစ်သိန်းကို ဥက္ကဋ္ဌ၊ပြည်နယ်ဗီဒီယိုအခြေခံအဖွဲ့ခွဲနှင့် မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့ခွဲများက လှူဒါန်းငွေကျပ် ၁၀ သိန်းကို ပြည်နယ်ဗီဒီယိုအခြေခံအဖွဲ့ခွဲဥက္ကဋ္ဌ ဦးချန်ထွန်း၊ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ နန္ဒာလှိုင်က လှူဒါန်းငွေကျပ်ငါးသိန်းကို အလှူရှင်ကိုယ်စား ဦးမောင်မောင်၊ အိုကေရတနာဆန်နှင့် အထွေထွေရောင်းဝယ်ရေးက လှူဒါန်းငွေကျပ်ငါးသိန်းကို အလှူရှင်ဦးမောင်ထွေးဝေ၊ မော်လမြိုင်မြို့ဈေးသုံးဈေးက လှူဒါန်းငွေ ကျပ်လေးသိန်းကို အမှတ်(၁)ဈေး ကော်မတီဥက္ကဋ္ဌ ဦးလှထွန်း၊ မြင့်မိုရ်ဦးဆောက်လုပ်ရေးက လှူဒါန်းငွေကျပ်သုံးသိန်းကို အလှူရှင်ဦးအောင်ဝင်းနိုင်နှင့်ဒေါ်သီသီလွင်၊ဟုန်းတောက်ဆောက်လုပ်ရေးအဖွဲ့က လှူဒါန်းငွေကျပ် ၁၅၀၀၀၀ကို အလှူရှင်များက လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်အား အလှူရှင် ဦးကိုကိုနိုင်က ငွေကျပ်တစ်သိန်း၊ ကျော်ပုံနှိပ်တိုက်က ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွန်းအား မွန်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ အလှူရှင်များ လှူဒါန်းသော ရေဒီယိုအလုံး ၆၀ကို အလှူရှင်များ ကိုယ်စား မော်လမြိုင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးသိန်း၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မိန့်ခွန်းစာအုပ် ၆၀၀ကို ဦးစီးအရာရှိ ဒေါ်ခင်မြင့်ချို၊ စေတနာရှင် ၁၀ဦးတို့က လှူဒါန်းသော စာအုပ်စာစောင် ၄၀၀၇အုပ်ကို အလှူရှင်များကိုယ်စား ဦးမင်းဝေ၊ ကျော်ကျော်စာပေက မဂ္ဂဇင်း ၂၀၀ကို အလှူရှင်ဦးကျော်လွင်နှင့် မြလင်းရောင်စာပေက မဂ္ဂဇင်း ၂၀၀ကို အလှူရှင် ဦးဝင်းမြင့်တို့က ပေးအပ်လှူဒါန်းကြသည်။

လှူဒါန်းပွဲအပြီးတွင် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် စာကြည့်တိုက်ဖွင့်လှစ်ခဲ့ခြင်း ဓာတ်ပုံမှတ်တမ်းပြခန်းကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ လှူဒါန်းပွဲတွင် ငွေသားအလှူရှင် ၆၂ဦးတို့က ငွေကျပ် ၅၀၉၄၅၀၀၊ ရုပ်မြင်သံကြားပြစက် ၅၄လုံးနှင့် ရေဒီယိုအလုံး ၆၀တို့၏ စုစုပေါင်းတန်ဖိုးငွေကျပ် ၆၆၀၃၁၀၀ နှင့်စာအုပ်စာစောင်ပေါင်း၄၀၀၇အုပ်၏ တန်ဖိုးငွေကျပ် စုစုပေါင်း ၂၂၇၄၁၁၀၀ တို့ကို လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ဖွင့်လှစ်ပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ၁၁၉၈တိုက်အတွက် ယခင်က လှူဒါန်းရရှိငွေမှာ ၂၃၁၁၃၉၂၅ ကျပ်၊ နှစ်ရပ်ပေါင်း ငွေကျပ် ၅၀၈၅၅၀၂၅ ကျပ် ဖြစ်ကြောင်း သိရသည်။

ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းသည် ဇွန် ၆ရက် နံနက်ပိုင်းတွင် ကျိုက်ထိုမြို့ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာအုပ်စာစောင်များတိုးပွားရေး၊ စာကြည့်တိုက်အဆောက်အအုံများ တိုးပွားရေး၊ စာကြည့်တိုက်အတွက် ပရိဘောဂများဖြည့်တင်းရေး၊ စာကြည့်တိုက်များကို စနစ်တကျထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

(သတင်းစဉ်)

ရွှေစာတော်ပြန်မေးလို့ မြတ်လေးတဲ့စံပယ်

“ရွှေစာတော်ပြန်မေးလို့
မြတ်လေးတဲ့စံပယ်။
မေထုန်ဆိုရာသီကူးလို့
ပွင့်ဖူးဝတ်မှုန်နံ့၊ သင်းပျံ့တော့တယ်။
ကောင်းကင်လယ်၊ ထက်ဝယ်ဘုံက
ဇေဋ္ဌရွှေကြယ်မင်းငယ်၊ လင်းတဲ့ချိန်ပ။”

(ဖိုးသူတော်ဦးမင်း)

နယုန်မိုးသေး မြက်သားမွေးခဲ့ပြီ။ ထက်အာကာ အဇ္ဈာတစ်ခွင်တွင် တိမ်မှောင်တိမ်ခဲ အလိပ်လိပ်ကဲကာ တက်ကြွလာသည်။ ဝသန်ဦးမိုး ရွာသွန်းဖြိုးခဲ့ပေပြီ။ မြန်မာ့မြေပြင်ဝယ် စိုစိုလန်းလန်းရှိလှသည်။ ခြောက်သယောင်းနေသောမြေသည် မိုးစက် မိုးပေါက်ထိမှန်ကာ မိုးရေကိုသောက်ရလေသည့်အခါ မြေသင်းရနံ့က သင်းပျံ့ပျံ့ထွက်လာသည်။

“ယမထာရွှေကြိမ်လုံးရယ်နဲ့
ထွန်တုံးကိုတဲ့ခြေတော်တင်
နွားကြန်စုံနှင်။
ပျိုးခင်းကိုဝင်
ကောင်းကင်ကရွှေပိန်ညှင်းရယ်
မိုးခေါ်လို့ဆင်း။”

ရှေးမြန်မာကြီးတို့၏ ရှေးရိုးအစဉ်အလာ လယ်ယာခွင်တေးသံက ရိက္ခာထုတ်လုပ်မှုကို အားပေးလျက်ရှိသည်။

တောင်သူလယ်သမားဦးကြီးများသည် ဤရာသီခွင်တွင် လယ်ယာကွင်းသို့ စတင်ဝင်ရောက်ကြသည်။ မြေကြီးမှ ရွှေသီးစေရန် ကောက်ပင်တို့ကို စိုက်ပျိုးကြရပေတော့မည်။ တမန်းညက်ညက် မြေဩဇာထက်ကြစေရန် ထွန်ယက်ကြရပေတော့မည်။

နယုန်လသည် မြန်မာလများ၏ တတိယလဖြစ်၍ နွေဥတုတွင် ပါဝင်ပြီး မေလနှင့်ဇွန်လတွင် ကျရောက်သည်။ နွေရာသီကုန်ဆုံးရန် ၁၅ ရက်သာကျန်တော့သည်ဖြစ်၍ **“နွေနှောင်းရက်ကျန်လ၊ နွေစွန်လ”**ဟု စာဆိုပညာရှင်များက စာဖွဲ့လေ့ရှိကြသည်။

ဒုတိယအင်းဝခေတ် သာလွန်မင်းတရားကြီး လက်ထက်တွင် စာတော်ပြန်ပွဲများကို စတင်ကျင်းပခဲ့သည်။ **ပရိယတ္တိ သာသနာ တိုးတက်ပြန့်ပွားရေးနှင့် ပညာရှင်များ ထွန်းကားလာရန် ဟူသော ဆန္ဒမွန်ဖြင့် စာတော်ပြန်ပွဲကို နယုန်လ၏ ရာသီပွဲအဖြစ် ကျင်းပခဲ့ခြင်းဖြစ်**သည်။ မြန်မာမင်းများသည် နယုန်လ စာတော်ပြန်ပွဲတွင် အောင်မြင်တော်မူကြသည့် ပဋ္ဌင်းလောင်း၊ရှင်လောင်းတို့ကို ဝါဆိုလတွင် ခမ်းနားကြီးကျယ်စွာ ပဋ္ဌင်းခံ၊ရှင်ပြုပွဲများပြုလုပ်ပေးလေ့ရှိသည်။

ယခုအခါ ပထမပြန်စာမေးပွဲနှင့် အဘိဓမ္မာစာမေးပွဲများအပြင် တိပိဋကဓရရွေးချယ်ပွဲကြီး၊ အဘိဓမ္မာစာမေးပွဲနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲတို့ကိုလည်း နှစ်စဉ်ကျင်းပပေးခြင်း၊ အောင်ဆုလက်မှတ်များ ဆက်ကပ်လှူဒါန်းခြင်းတို့ဖြင့် သာသနာတော်တိုးတက်စည်ကား ပြန့်ပွားရေးကို ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် သုံးလူ့ထွတ်တင်ဘုရားရှင်သည် နယုန်လပြည့်နေ့၌ စကြဝဠာတစ်သောင်းမှ နတ်ဗြဟ္မာ အပေါင်းတို့အား မဟာသမယသုတ်တော် ဟောကြားတော်မူခဲ့ခြင်းကို အစွဲပြု၍ **“မဟာသမယ အခါတော်နေ့”** ပွဲတော်ကို ကျင်းပကြသည်။

“နတ်စည်ငယ်ရွှမ်းပါလို့
ခြိမ့်မွှမ်းရယ်သံစုံ၊ ကမြူးငယ်ခုန်သည်
လနယုန်သည်ချိန်မို့
မြူတိမ်လွှာဆိုင်းပြန်တော့တယ်လေး။
ရာသီငယ်မေထ၊ ဆယ့်နှစ်လမို့
ဇေဋ္ဌပြောင်ရှိန်၊ တောင်လောင်ငယ်ထိန်
ရာဇိန္ဒနတ်၊ ပိဋကတ်မှာ
မပြတ်ကယ်ထွက်စုံ၊ စာညီလာခံသောခါ
ဗိုလ်ခြံတဲ့ ရွှေလယ်မှာ
ငွေစံပယ် မြတ်လေးက၊ မွေးလှတယ်လေး”

ဟု မဟာအတုလမင်းကြီးက နယုန်လ၏ သာယာပုံကို စာပန်းချီချယ်ခဲ့ပါသည်။

နယုန်လတွင် သော်တာလပြည့်ဝန်းနှင့် ဇေဋ္ဌနက္ခတ်တို့ ယှဉ်ပြိုင်ထွန်းသည်။ ယှဉ်တာရာမှာကား မြင်းတာရာ (မူကွဲ-တံငါတာရာ) ဖြစ်သည်။ ဤအချိန်အခါတွင် ရာသီပန်းများအဖြစ် စံပယ်နှင့် မြတ်လေးခေါ် မုလေးပန်းတို့ ဖူးပွင့်ကြသည်။

မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)

နယုန်လတွင် ရဟန်းတော်များ စာညီလာခံပွဲကျင်းပကြသည်။ စာပြန်ပွဲကျင်းပသည်ဟုလည်း ခေါ်ဆိုကြသည်။ ယင်းစာမေးပွဲများသည် ရှေးမြန်မာမင်းများ လက်ထက်ကပင် အဆောင်အယောင်၊ အခမ်းအနားများဖြင့် ကျင်းပခဲ့သည်။ နယုန်လတစ်လလုံး စာတော်ပြန်ပွဲများ ပြုလုပ်လေ့ရှိသည်။ သင်တန်းများမှာ ပထမကျော်၊ ပထမကြီး၊ ပထမလတ်နှင့် ပထမငယ်ဟူ၍ ဖြစ်သည်။

စာတော်ပြန်ပွဲကျင်းပသည့် အချိန်သည် ဗုဒ္ဓဘာသာဝင်များ အလွန်အလေးထားကြသောအချိန် ဖြစ်သည်။ ဗုဒ္ဓ၏ ပိဋကတ်စာပေကို ရဟန်းသံဃာများ လေ့လာလိုက်စား ပွားများခြင်းသည် ဗုဒ္ဓဘာသာဝင်တို့အတွက် ဝမ်းမြောက်ဖွယ်ဖြစ်သည်။ ထို့ကြောင့် မြို့အလိုက်၊ နယ်အလိုက် စာတော်ပြန်ပွဲသို့ ဝင်ရောက်မည့် ရဟန်း၊ သံဃာများအား လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်အားပေးကြသည်။ သာသနာတော်အတွက် ဝိုင်းဝန်း၍ အထောက်အပံ့ဖြစ်စေကြသည်။

စာအောင်သံဃာတော်များကို ဘွဲ့လက်မှတ်ဆက်ကပ်ပြီးချိန်တွင်လည်း မိမိတို့မြို့နယ်မှ အောင်မြင်သည့် သံဃာတော်များအား နေရပ်သို့ ပြန်လည်ပင့်ဆောင်ရေးအတွက် စည်ကားသိုက်မြိုက်စွာ ဆောင်ရွက်ကြသည်။ ပထမကျော် အောင်မြင်သည့် ကိုယ်တော်ပါဝင်လျှင် အတိုင်းထက်အလွန် ဖြစ်တော့သည်။ စာသင်တိုက်မှ ဆရာတော်ကလည်း ဂုဏ်ယူသည်။ မြို့ကလည်း ဂုဏ်ယူသည်။ မြို့လုံးကျွတ် ခြိမ့်ခြိမ့်သဲမျှ ကြိုဆိုကြ၊ လှူဒါန်းကြတော့သည်။

နယုန်ပြီးလျှင် ဝါတွင်းလေးလ၏အစဖြစ်သော ဝါဆိုသို့ဝင်ပေတော့မည်။ ယင်းဝါဆိုသို့မဝင်မီ ရဟန်း၊ သံဃာတော်များအနေဖြင့် ပရိယတ္တိ သာသနာ ပွားများအားထုတ်နိုင်စေခြင်းငှာ စာတော်ပြန်ပွဲများကို ဆင်ယင်ကျင်းပခြင်းဖြစ်သည်။

စာတော်ပြန်ပွဲဆိုသည်မှာ ဝါမဝင်မီနှစ်ပတ်အတွင်း ရဟန်းသာမဏေ အထွေထွေသော သံဃာတော်တို့ ရွတ်ဖတ်သင်အံ ကြံကြံကြည့်ကြည့် မှတ်သားမိသမျှ ပိဋကတ်စာပေတို့ကိုကျေကျေညက်ညက် နှုတ်တက်အာဂုံ ဆောင်နိုင်ခြင်းဟု ခေါ်ဆိုပါသည်။

ကုန်းဘောင်ခေတ်တွင် ထင်ရှားလှသော စာဆိုတော် ကွမ်းရည်တော်ကိုင် ဦးယာသည် စာတော်ပြန်ပွဲသဘင် မည်ကဲ့သို့ဆင်ယင်ကျင်းပပုံကို သူ၏ ဆယ့်နှစ်ရာသီဘွဲ့လူးတားတွင် အောက်ပါအတိုင်းဖွဲ့ဆိုထားပါသည်-

“စည်းဝေးသံသာ၊ အရိယာတို့
ရွှေစာမေးပွဲ၊ ထိန့်ရိုက်ကြိမ်မျှ
ပုလဲသန္တာ၊ နီလာပတ္တမြား
မြသားဂေါမုတ်၊ ဥဿဖရား
ရွှေသားခြယ်လှယ်၊ ဆန်းကြယ်အရောင်
တောက်လောင်ဝင်းဝါ၊ သုဓမ္မာဝယ်
သံဃာတော်များ၊ ဟောကြားမိန့်မြွက်
မေးဖြေလျက်တည့်။”

နယုန်လပြည့်နေ့ကို **“မဟာသမယနေ့”**ဟု ဘာသာရေး အထိမ်းအမှတ် ပြုထားသည်။ မဟာသမယနေ့ ဖြစ်ပေါ်ရခြင်းအကြောင်းမှာ ဘုရားရှင်လက်ထက်က တစ်ခုသောနွေလ၌ ရေအခက်အခဲတွေ့ကြုံရသည်။ ထိုအခါ ကပိလဝတ်နှင့် ကောလိယနှစ်ပြည်သည် ရောဟိဏီမြစ်ရေကို ခွဲဝေ၍သုံးကြရာ အဝေမတည့်သဖြင့် တိုင်းပြည်နှစ်ပြည် အချင်းများကြသည်။ ထို့နောက် စစ်မက်တိုက်ခိုက်မည်ပြင်ဆင်ကြစဉ် မြတ်စွာဘုရားကြွလာပြီး ရန်စစ်ပြေငြိမ်းရန် တရားဟောသည်။ ထိုအခါ နှစ်ဖက်ကျေအေးကြပြီး နှစ်ပြည်လုံးမှလူအချို့သည် မြတ်စွာဘုရားသာသနာတော်အတွင်းသို့ ဝင်ရောက်၍ ရဟန်းပြုကြသည်။ စုစုပေါင်း ရဟန်းအပါး ၅၀၀ ရှိသည်။ ထိုရဟန်းတို့၏ ငြိမ်သက်တည်ကြည်မှုကို လူနတ်ဗြဟ္မာတို့က အလွန်နှစ်သက်ကြည်ညိုကြသဖြင့် လာရောက်စုဝေးကြကုန်၏။ မြတ်စွာဘုရားက ဤသို့စည်းဝေးခိုက်တွင် မဟာသမယသုတ်ကို ဟောကြားတော် မူလေသည်။

မဟာသမယဆိုသည်မှာ စုရုံးစည်းဝေးနေသည့် အချိန်အခါကို ဆိုလိုသည်။ နတ်ဗြဟ္မာများ ဤသို့စည်းဝေးပေါင်းဆုံခိုက်တွင် ဟောကြားတော်မူသည့် မဟာသမယသုတ်ကို အမြဲရွတ်ဖတ်လျှင် နတ်ဗြဟ္မာတို့ လိုလားနှစ်သက်သည်ဟု ယုံကြည်ကြသည်။

“နယုန်လနှင့် စပ်လျဉ်း၍ တိုင်တားမြို့သူကြီး ဦးဖက်က နန်းနယုန်နယ်လကို၊ ကြယ်ဗြဟ္မဏတာရာ၊ ရွှေဇေဋ္ဌပုဏ္ဏာဝယ်၊ ယုန်စန္ဒာပြိုင်မျှ၊ မုလေးပျံ့သေးသွယ်ငယ်၊ ရွှေစပယ်သင်းတဲ့မာသ၊ သုဓမ္မရိပ်သာမှာ၊ သဘင်စာသည်လ၊ မင်္ဂလာထွန်တော်ချလို့၊ သေနင်္ဂလေးအင်၊ ထုံးစဉ်စံသွေ မခွတယ်၊ ဘုန်းရာများ ထွတ်ထိပ်ဘုရင်၊ ဉာဏ်တမွတ်ဖန်ဆင်းတယ်၊ မေထုန်ခွင်နွေစွန်လမှာမို့၊ မိုးမာန်က တအုံအုံ၊ မည်းတဲ့လို့မှုန်၊ မြဖဲရုံ့တိန်ဂဠုန်လို၊ သိရ်တဂုဏ်ကူ ဖြိုးလှလေး၊ မစုံသူ ရွှေရင်မှာ၊ ဖြေတင်နိုင် ပူညှိုးရလေး”

ဟူ၍ ဖွဲ့ဆိုခဲ့သည်။

နွေနှောင်းလဖြစ်သည့်အလျောက် ကဆုန်လတွင် ချစ်ချစ်တောက်ပူပြင်းခဲ့သော နေမင်းသည် ထိုလတွင် ပူအားလျော့လာသည်။ နေပူရှိန်လျော့လျှင် မိုးက ကျော့၍ကျော့၍ မြူးလာတော့သည်။ တစ်ခါတစ်ရံ ကောင်းကင်တစ်ပြင်လုံးတွင် မိုးသားများ မည်းမှောင်အုံ့ဆိုင်းပြီး မိုးမာန်မူနေရာမှ ပြင်းထန်စွာ ရွာချတတ်သည်။

ထိုအခါ ကဆုန်လ၏အပူရှိန်အောက်၌ရွက်ခြောက်များကြွေကာ အရိုးပြိုင်းပြိုင်းဖြစ်နေကြသည့် သစ်ပင်သစ်ကိုင်းများမှာ ရွက်ညွန့်ကလေးများ ကိုယ်စီနှင့် စိမ်းစိုလာကြသည်။ ခြောက်သွေ့တင်းမာနေသော မြန်မာ့မြေပြင်မှာလည်း နယုန်လ၏ မိုးသေးမိုးဖွဲကလေးများကြောင့် ခေါင်းပြူလာကြသည့် မြက်နုကလေးများဖြင့် စိုစိုပြည်ပြည်ဖြစ်လာခဲ့သည်။ ထို့ကြောင့် ရှေးတောင်သူဦးကြီးများက မိုးလက်ာဖွဲ့ခဲ့ကြသည်။ မိုးဒေဝါ၏ နိဒါန်းပျိုးစ အခါသမယဖြစ်၍ နေပူလိုက်၊ မိုးရွာလိုက်ဖြင့် အလွန်အိုက်သော လရာသီဖြစ်လေသည်။

နယုန်လသည် လောကုတ္တရာရေးအားဖြင့် မြတ်ဘုရားသခင်၏ ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀ တည်တံ့အောင် မင်္ဂလာစာတော်ပြန်ပွဲ ဆင်နွှဲလေသည့်အတွက် ထူးမြတ်လှသကဲ့သို့ လောကီရေးအားဖြင့်လည်း တောင်သူလယ်သမားများသည် ဝမ်းစာ ဖူလုံရုံမျှမကနိုင်ငံရပ်ခြားသို့ တင်ပို့ရောင်းချနိုင်စေရန် ရည်သန်၍ လယ်ယာလုပ်ငန်းခွင် စတင်ဝင်ရောက်ကြသောလ ဖြစ်ပေသည်။ သို့ဖြစ်၍ စိန္တကျော်သူဦးဩက-

“နယုန်ဝါလ၊ ကြဲကြပျိုးထောင်၊ ဝါခေါင်သစ်ဆင်း၊ နှစ်လတွင်းမူ၊ ဆင်းကြယာလယ်၊ တောင်သူမယ်တို့” ဟူ၍ ဖွဲ့ဆိုထားပါကြောင်း တင်ပြလိုက်ရပါသည်။ ။

ပရိယတ္တိသာသနာ တိုးတက်ပြန့်ပွားရေးနှင့် ပညာရှင်များ ထွန်းကားလာရန် ဟူသော ဆန္ဒမွန်ဖြင့် စာတော်ပြန်ပွဲကို နယုန်လ၏ရာသီပွဲအဖြစ် ကျင်းပခဲ့။

ယခုအခါ ပထမပြန်စာမေးပွဲနှင့် အဘိဓမ္မာစာမေးပွဲများအပြင် တိပိဋကဓရ ရွေးချယ်ပွဲကြီး၊ အဘိဓမ္မာစာမေးပွဲနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲတို့ကိုလည်း နှစ်စဉ်ကျင်းပပေးခြင်း၊ အောင်ဆုလက်မှတ်များ ဆက်ကပ်လှူဒါန်းခြင်းတို့ဖြင့် သာသနာတော် တိုးတက်စည်ကားပြန့်ပွားရေးကို ဆောင်ရွက်လျက်ရှိ။

စွမ်းဆောင်ရည်ထက်မြက်သော ဝန်ထမ်းများဖြစ်အောင်ကြိုးစား ဓာတ်အားအပြည့်အဝထုတ်လုပ်နိုင်ရေး တာဝန်ကျေပွန်စွာထမ်းဆောင်

ရန်ကုန် ဇွန် ၇

ရှမ်းပြည်နယ်(တောင်ပိုင်း) အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းတို့သည် ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇွန်၃ရက် ညနေပိုင်းတွင် ပင်လောင်းမြို့နယ်ရှိ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းအောက်ရှိ တီကျစ်ကျောက်မီးသွေးသုံးရေနွေးငွေ့ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး ရှမ်းရိုးမနဂါးကုမ္ပဏီလီမိတက်၏ ကျောက်မီးသွေးတူးဖော်ရေးလုပ်ငန်း၌ စက်ယန္တရားများဖြင့် ကျောက်မီးသွေးတူးဖော်နေမှု၊ ကျောက်မီးသွေးသိုလှောင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီးနောက် ရှမ်းရိုးမနဂါး ကုမ္ပဏီလီမိတက်၏ ယန္တရားပြင်အလုပ်ရုံသို့ ဝင်ရောက်ကြည့်ရှုသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့သည် တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံရှိ ဓာတ်အားထိန်းချုပ်ခန်း၊ စက်ခလုတ်ခုံများ၊ တာဘိုင်၊ ဂျင်နရေတာ၊ ဘွိုင်လာတို့ကိုလည်းကောင်း၊ ရေသန့်စင်စက်ရုံနှင့် ပြာသိုလှောင်ရုံတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ထို့နောက် ဝန်ကြီးသည် စက်ရုံရှိ ရှင်းလင်းဆောင်၌ စက်ရုံမှူးများနှင့် ဝန်ထမ်းများ၊ ရှမ်းရိုးမနဂါးကျောက်မီးသွေးတူးဖော်ရေးလုပ်ငန်းမှ တာဝန်ရှိသူများနှင့်တွေ့ဆုံရာ ဝန်ကြီးအား စက်ရုံမှူးနှင့် ရှမ်းရိုးမနဂါးမှတာဝန်ရှိသူတို့က လုပ်ငန်းအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက်ဝန်ကြီးက ဝန်ထမ်းများအနေဖြင့် လုပ်ငန်းစွမ်းဆောင်ရည်ထက်မြက်သော ဝန်ထမ်းများဖြစ်အောင် ကြိုးစားလုပ်ကိုင်ကြရန်၊ ဤစက်ရုံမှ ဓာတ်အားအပြည့်အဝ ထုတ်လုပ်နိုင်ရေးအတွက် မိမိတို့၏လုပ်ငန်းကဏ္ဍအလိုက် တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြရန်၊ စက်ယန္တရားများကိုစနစ်တကျ ကိုင်တွယ်မောင်းနှင်ကြရန်၊ စက်များကြံ့ခိုင်မှုကို ပုံမှန်ပြုလုပ်ကြရန်၊ လုပ်ငန်းအပေါ်စေတနာကောင်းထားရှိ လုပ်ကိုင်ကြရန်တို့ကို အကျယ်တဝင့်ပြောကြားသည်။

ချိတ်ဆက်ဖြန့်ဖြူး

တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံသည် လျှပ်စစ်ဓာတ်အား နှစ်စဉ်ပျမ်းမျှ ကီလိုဝပ်နာရီသန်းပေါင်း ၉၆၀ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပြီး ထုတ်လုပ်သော လျှပ်စစ်ဓာတ်အားများကို တီကျစ်ဓာတ်အားပေးစက်ရုံမှ ကလောဓာတ်အားခွဲရုံသို့ ၁၃၂ ကေဗွီ ဓာတ်အားလိုင်းနှစ်လိုင်းဖြင့် မဟာဓာတ်အားလိုင်းစနစ်သို့ ချိတ်ဆက်၍ ဖြန့်ဖြူးပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း အရှိန်အဟုန်မြင့် ဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်

နေပြည်တော် ဇွန် ၇

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိုးနိုင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၂ရက် နံနက် ၈ နာရီက မန္တလေးမြို့ အင်းဝဟိုတယ်မင်္ဂလာခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများမှ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး အမှာစကားပြောကြားကာ အင်းဝဟိုတယ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

လုပ်ငန်းရှင်များတွေ့ဆုံ

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် မန္တလေးစွမ်းဟိုတယ်သို့ရောက်ရှိပြီး မန္တလေးမြို့ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းရှင်များအား တွေ့ဆုံသည်။

အပြည့်အဝကူညီမည်

ဝန်ကြီးက ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများ အရှိန်အဟုန်မြင့်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ လုပ်ငန်းရှင်များက ဥပဒေဘောင်အတွင်းမှ ကြိုးစားဆောင်ရွက်သွားသည့် လုပ်ငန်းများကို ဝန်ကြီးဌာနမှ အပြည့်အဝကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြင့်ပြောကြားသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် မန္တလေးစွမ်းဟိုတယ်၊ ဆီဒိုးနားဟိုတယ်၊ Mandalay Hills Resort Hotel၊ Hotel Mandalay ၊ ဂရိတ်ဟိုတယ်၊ ဈေးချို ဟိုတယ်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူ များအား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက်ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် မန္တလေးမြို့ရှိ Emera- Land Hotel၊ မြမန္တလာဟိုတယ်၊ Golden City Hotel၊ Royal Mandalay View Inn တို့သို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဝန်ကြီးဗိုလ်ချုပ်စိုးနိုင်သည် တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၃ ရက် နံနက် ၉ နာရီတွင် ပြင်ဦးလွင်မြို့ နန်းမြိုင်ဟိုတယ် ဟိုတယ်ခန်းမဆောင်၌ ဟိုတယ်ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ပေါ်ရှိ နန်းမြိုင်ဟိုတယ်၊ သီရိမြိုင်ဟိုတယ်၊ ဂန္ဓမာမြိုင်ဟိုတယ်၊ Royal Park view Hotel၊ သီရိမြန်မာဟိုတယ်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ထူးဒရေးဒင်းကုမ္ပဏီလီမိတက်၏ တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ရောက်ရှိပြီး တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံရှင်းလင်းပြသရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် မန္တလေး အင်းဝ ဟိုတယ်တွင် ကြည့်ရှုစစ်ဆေးစဉ်။
(ဟိုတယ်/ခရီး)

ရွှေဂူတောရရိပ်သာ အုတ်တံတိုင်းအတွက် လှူဒါန်းနိုင်

ရန်ကုန် ဇွန် ၇

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အမှတ်(၅) မေခလမ်း သစ်ဆိမ့်ကုန်းရပ်၌ ယောဂီများ ရက်ရှည်တရားအားထုတ်နိုင်ရန် တည်ထောင်ဆောက်လုပ်လျက်ရှိသော မိုးကုတ်ဝိပဿနာနိဗ္ဗာန်ရွှေဂူတောရရိပ်သာ လုံခြုံမှုအတွက် မဟာရံတံတိုင်းများ တည်ဆောက်နိုင်ရန် အလှူရှင်များ လိုအပ်လျက်ရှိသည်။ တစ်ခန်းလျှင် အလှူငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် မည်သူမဆို လာရောက်လှူဒါန်းနိုင်ပြီး ဆရာတော် ဖုန်း-၀၉-၅၁ ၃၇၀၈၆ နှင့် ဦးတင့်လွင် ဖုန်း-၀၉-၅၀၀၄၅၅၂၊ ၆၃၈၁၁၄၊ ၃၈၂၇၅၆၊ ဦးဌေးမြင့် ဖုန်း-၆၆၁၃၄၄၊ ဦးကျော်မင်း၆၆၁၅၅၃နှင့် ဦးမြင့်မောင် ဖုန်း-၇၂၆၅၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

စားအုန်းဆီတန်ချိန် ၂၇၀၀ ပါ သင်္ဘောရောက်ရှိ

ရန်ကုန် ဇွန် ၇

နိုင်ငံတော်အစီအစဉ်ဖြင့် မလေးရှား၊ အင်ဒိုနီးရှားနှင့် စင်ကာပူနိုင်ငံတို့မှ စားအုန်းဆီများကို မှာယူတင်သွင်းကာ အများပြည်သူသို့ ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိရာ စားအုန်းဆီတန်ချိန် ၂၇၀၀ ပါ MT°°Ama°3သင်္ဘောသည် ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်မြို့ အေးရှားဝေါလ်ဆိပ်ကမ်းသို့ ဆိုက်ကပ်လာသည်။ **(အောက်ပုံ)**

အလားတူ ဇွန် ၁၂ ရက်တွင် စားအုန်းဆီတန်ချိန် ၂၈၀၀ ပါ သင်္ဘောတစ်စင်းနှင့် ဇွန် ၁၄ ရက်တွင် စားအုန်းဆီတန်ချိန် ၂၉၀၀ ပါ သင်္ဘောတစ်စင်းတို့ ထပ်မံရောက်ရှိလာမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မရမ်းကုန်းမြို့နယ်နှင့် ကန့်ဘလူမြို့နယ်တို့၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဇွန် ၇

ဇွန် ၆ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၈)ရပ်ကွက် သံသုမာလမ်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရှိ မော်တော်ယာဉ်ဝင်းအတွင်း၌ မြေလတ်သား ဦးခိုင်စိုးငှားရမ်းထားသော ပေ ၃၀ X ၅၀ အုတ်ပတ်ကား၊ အုတ်ကြွပ်မိုး၊ အဆောက်အအုံရှေ့၌ ယာဉ်မောင်း တင်ငွေမောင်းနှင်သည့် ဓာတ်ဆီဘောက်ဆာ ဂါလန် ၃၂၀၀ ဆံ့ (န/၈၇၆၇) နီဆန်းကား၌ တပ်ဆင်ထားသော ဟွန်ဒါစက်ကလေးကို စက်နှိုးရာမှ မီးစတင်လောင်ကျွမ်းခဲ့သည်။

ဒဏ်ရာရရှိ

မီးလောင်မှုကြောင့် ဓာတ်ဆီဘောက်ဆာတစ်စီး၊ ဓာတ်ဆီဂါလန် ၈၀၀၊ အဆောက်အအုံတစ်လုံး စုစုပေါင်းငွေကျပ် ၃၈၂၅၀၀၀ ခန့် ဆုံးရှုံးခဲ့ပြီး လူတစ်ဦး ဒဏ်ရာရရှိခဲ့သည်။

အဆိုပါနေ့ ည ၁၁ နာရီခွဲတွင် စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ် အမှတ်(၄)ရပ်ကွက်၌ အိမ်ရှင် မြတ်မွန်ထွန်း(ဘ)ဦးထွန်းရွှေ၏ အိမ်မှ မီးဖို မီးကြွင်းမီးကျန်ဖြင့် စတင်မီးလောင်ကျွမ်းရာသို့ သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၄၄ဦးတို့ဖြင့် စုပေါင်းငြိမ်းသတ်ခဲ့သည်။ မီးလောင်မှုကြောင့် အိမ်နှစ်လုံး မီးလောင်ခဲ့ပြီး ငွေကျပ် ၁၂၀၀၀၀ ခန့် ဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်းစိန်နှင့်ပန်းဘဲတန်းမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဇွန် ၇

ဇွန် ၅ ရက် နံနက် ၉ နာရီ ၃၅ မိနစ်တွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ကြို့ကုန်းအနောက်ရပ်ကွက်၊ မမာဦးလမ်း အမှတ် ၅၅၁ နေ အိမ်ရှင် ဦးအေးရွှေ-ဒေါ်ချစ်ဥ နေအိမ်(မွေ့ရာလုပ်ငန်း)တွင် လဲမှို့များကို မော်တာဖြင့် အပူပေးရာမှ စတင်မီးလောင်ကျွမ်းရာ မီးလောင်မှုကြောင့် အိမ်သုံးလုံး မီးလောင်ခံရပြီး အိမ်ထောင်စု ခုနစ်စုမှ လူဦးရေ ၇၁ ဦး မီးဘေးဒုက္ခရောက်ကာ တန်ဖိုးငွေကျပ် ၅၀၀၀၀၀ ခန့် ဆုံးရှုံးခဲ့သည်။

ဆုံးရှုံး

အလားတူဇွန် ၆ ရက် နံနက် ၈ နာရီ ၂၂ မိနစ်တွင် ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် ၇ ရပ်ကွက် ၂၉ လမ်းထိပ် မဟာဗန္ဓုလလမ်းပေါ်ရှိ အမှတ်(၄၉၄) ပိုင်ရှင် ဒေါ်မြကြည်နေအိမ်(ရောဝတီမိတ္တူနှင့်မျက်မှန်ဆိုင်)တွင် အဲယားကွန်းမှ ဝါယာရှော့ဖြစ်ပြီး မီးလောင်ကျွမ်းရာ မီးလောင်မှုကြောင့် အဲယားကွန်း၊ ကက်ဆက်နှင့် မွေ့ရာများမီးလောင်ခံရပြီး တန်ဖိုးငွေကျပ် ၅၀၀၀၀ ခန့် ဆုံးရှုံးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာ့ဖလား သတင်းဂယက်

အုပ်စုအဆင့်ဖြင့် ကျေနပ်ကြရမည့် ဆော်ဒီနှင့် တူနီးရှား နောက်တစ်ဆင့်တက်မည့် စပိန်နှင့် ယူကရိန်းတို့ အုပ်စု(ဇ) အနေအထား

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

စပိန်လက်ရွေးစင် ဘောလုံးအသင်း။ (ဓာတ်ပုံ–အင်တာနက်)

ဘာလင် ဇွန် ၇

၂၀၀၆ ကမ္ဘာ့ဖလား၌ အုပ်စု(ဇ)တွင် စပိန်တို့အုပ်စုချောင်သည့် အနေအထားရှိသည်။ ဆလိုဗက်ကီးယားနှင့် ရှုံးထွက်ကစားခဲ့ပြီးမှ စပိန်တို့ ခြေစစ်ပွဲအောင်လာခဲ့ခြင်းဖြစ်ပြီး အုပ်စု(ဇ)၌ စပိန်တို့ထက် ခြေစွမ်းမြင့်မားသောအသင်း မရှိချေ။

စပိန်တိုက်စစ်မှူး ရာအူးလ်ဂွန်ဇာလက်ဇ် ဤသို့ အောင်ပွဲခံပျော်မြူးနိုင်ပါမည်လော။ (ဓာတ်ပုံ–အင်တာနက်)

ဥရောပချန်ပီယံ

ကမ္ဘာ့ဖလားအုပ်စု(ဇ)တွင် ယူကရိန်း၊ တူနီးရှား၊ ဆော်ဒီအာရေဗျတို့နှင့်အတူ တစ်အုပ်စုတည်းကျနေ၍ စပိန်တို့အုပ်စုအဆင့်တွင် အသက်ရှူချောင်လျက်ရှိနေသည်။ စပိန်တို့ ကမ္ဘာ့ဖလားသမိုင်းတွင် ၁၉၅၀ ပြည့်နှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ စတုတ္ထရခဲ့ဖူးသည့်မှတ်တမ်းမှာ အမြင့်ဆုံးဖြစ်ပြီး ၁၉၆၄

ခုနှစ်တွင် ဥရောပချန်ပီယံ ဖြစ်ခဲ့ဖူးသည်မှာလည်း နှစ်ပေါင်း ၄၀ ကျော်ရှိခဲ့လေပြီ။

လေ့ကျင့်ပေး

ဆယ်စုနှစ်လေးစုအတွင်း ကမ္ဘာ့ဖလားရလဒ်မကောင်းခဲ့သည့် စပိန်တို့ ယူရို ၂၀၀၄ တွင်လည်း အုပ်စုမှထွက်ခဲ့ရသည်အထိ အခြေအနေဆိုးရွားနေခဲ့သည်။ ထို့ကြောင့် စပိန်နည်းပြ အာရာဂူးနက်စ်က စပိန်အသင်း၌ အတွေ့အကြုံရင့်ကျက်သည့် ရူဘင်ဘာရာဟာတို့ကဲ့သို့ ကစားသမားများ ထည့်သွင်းထားသလို လူငယ်ခြေတက် ဟိုဆေးအန်တိုနီယိုရီးယက်စ်တို့လို ကစားသမားများလည်းပါဝင် ဖွဲ့စည်းထားသည်။ နည်းပြအာရာဂူးနက်စ်က စပိန်ကစားသမားအားလုံးကို စိတ်ဓာတ်အမြင့်မားဆုံးဖြစ်အောင် လေ့ကျင့်ပေးထားသည်။

အင်အားတောင့်တင်း

ဥရောပတွင် လာလီဂါမှာ အဆင့်အတန်းမြင့်မားသည့်ပြိုင်ပွဲတစ်ရပ်ဖြစ်ရာ စပိန်အသင်းအတွက် အကောင်းဆုံး ဘောလုံးသမားများကို မွေးထုတ်ပေးရာ ဘူမိနက်သန်ပြိုင်ပွဲပင်ဖြစ်သည်။ စပိန်အသင်း၌ ဂါစီယာ၊ ဖာနန်ဒိုတောရက်စ်၊ မိုရီယန်တေးစ်နှင့် ဒေးဗစ်ဗီလာတို့ကဲ့သို့ နေရာစုံမှ ဂိုးသွင်းနိုင်ကြသူများ ပါဝင်သဖြင့် အင်အားတောင့်တင်းနေသည်။

ပြိုင်ဘက်မရှိ

စပိန်အသင်းအတွက် အားအထားရဆုံးမှာ တိုက်စစ်မှူး ရာအူးလ်ဂွန်ဇာလက်ဇ်ဖြစ်သည်။ စပိန်အသင်းအတွက် ၈၂ပွဲကစားခဲ့ပြီး ၄၂ ဂိုးသွင်းထားနိုင်သူဖြစ်ရာ စပိန်အသင်း၌ ဂိုးအများဆုံးသွင်းနိုင်သူတစ်ဦးဖြစ်သည်။ စပိန်နိုင်ငံလက်ရွေးစင်အသင်း၌ ပွဲပေါင်းအများဆုံး ကစားပေးသူတစ်ဦးလည်းဖြစ်သည်။ လက်ရှိရီးရဲမက်ဒရစ်ကလပ်၌ ကစားနေသူဖြစ်ပြီး အသင်းအတွက် အရေးပါသူ တစ်ဦးလည်းဖြစ်သည်။ ရာအူးလ်၏ဂိုးသွင်းမှုနှင့် ထိုးဖောက်ကစားမှုကို ယူကရိန်း၊ တူနီးရှားနှင့် ဆော်ဒီနောက်တန်းခံစစ်ကြောင်းများ တောင့်ခံနိုင်မည်မဟုတ်ချေ၊ စပိန်တို့သာ ပြိုင်ဘက်မရှိ အုပ်စုဗိုလ်ဖြစ်ရန် သေချာနေသည်။

အုပ်စု(ဇ)၌ အုပ်စုဒုတိယမှာ ယူကရိန်းတို့ဖြစ်ရန် ရာနှုန်းများနေသည်။ ဥရောပဇုန် ခြေစစ်ပွဲအုပ်စု(ခ)တွင် အုပ်စုဗိုလ်အဖြစ် ခြေစစ်ပွဲအောင်လာခြင်းမှာလည်း ယူကရိန်းတို့၏ခြေစွမ်းကို ပြသနေသည်။

ရှက်ဗ်ချင်ကို၏ ထိုးဖောက်လှုပ် ရှား နိုင် မှုသည် ယူကရိန်း၏ အသက်ပင်ဖြစ်သည်။ (ဓာတ်ပုံ–အင်တာနက်)

ယူကရိန်းလက်ရွေးစင် ဘောလုံးအသင်း။ (ဓာတ်ပုံ–အင်တာနက်)

ကမ္ဘာ့ဖလားအတွေ့အကြုံနုသေးသည့် ယူကရိန်းတို့ ကမ္ဘာ့ဖလားပြိုင်ပွဲကို ယခုအကြိမ်မှ စတင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သော်လည်း ပြိုင်ဘက်အသင်းများ သတိထားရမည့် ခြေစွမ်းရှိနေသည်။

ခြေရည်တူ

ယူကရိန်းနည်းပြ အိုလက်ဂ်ဘလော့ချင်က ယူကရိန်းအသင်းအတွက် ဥရောပအကောင်းဆုံးဆုရရှိထားသည့် ရှက်ဗ်ချင်ကို၊ ခြေစွမ်းထက်မြက်သည့် ဗိုရိုဘေနှင့် ဗိုရိုနင်တို့ကဲ့သို့ အဆင့်အတန်းမြင့်သော ကစားသမားကို ထည့်သွင်းထားသဖြင့် စပိန်ကို ခြေရည်တူကစားမည်ဖြစ်သည်။

ယူကရိန်းကို ကမ္ဘာ့ဖလားပွဲကစားနိုင်ရန် အဓိက ကြိုးစားစွမ်းဆောင်ပေးခဲ့သည့် ရှက်ဗ်ချင်ကိုမှာ ကမ္ဘာ့အဆင့်မီတိုက်စစ်မှူးတစ်ဦးဖြစ်ပြီး အေစီမီလန်၏ ဂိုးသွင်းသူရဲကောင်းဖြစ်သလို စီးရီးအေ၏ ဂိုးသွင်းဘုရင်ဆုကိုလည်း ရရှိထားသူဖြစ်သည်။ ယူကရိန်းအသင်းအောင်မြင်မှုရရှိရန် ရှက်ဗ်ချင်ကို၏ ကြိုးစားမှုများက အနိမ့်ဆုံး အုပ်စုဒုတိယဖြင့် နောက်တစ်ဆင့် တက်နိုင်မည်ဖြစ်သည်။

အုပ်စု(ဇ)၌ ဆော်ဒီအာရေဗျတို့ အိမ်ပြည့်အနေအထားထက် မပိုချေ။ အာရှဇုန်အုပ်စု(က)၌ အုပ်စုပထမဖြင့် ခြေစစ်ပွဲအောင်ခဲ့သော်လည်း အမြင့်ဆုံး အောင်မြင်မှုမှာ ၁၉၉၄ခုနှစ် ကမ္ဘာ့ဖလား၌ ဒုတိယအဆင့်အုပ်စုပွဲကို တက်နိုင်ခဲ့ခြင်းဖြစ်သည်။ ဆော်ဒီတို့ လေးကြိမ်ဆက်တိုက် ကမ္ဘာ့ဖလားပြိုင်ပွဲကို ဝင်ရောက်ဆင်နွှဲခြင်းဖြစ်သော်လည်း လက်ရှိခြေစွမ်းအရ အုပ်စုအဆင့်ဖြင့်သာ ကျေနပ်ရမည်ဖြစ်သည်။

သတိထား

အာရှချန်ပီယံ သုံးကြိမ်ဖြစ်ခဲ့သော်လည်း ကမ္ဘာ့ဖလားအဆင့်၌ ဆော်ဒီတို့ တန်းဝင်အဆင့် မရှိသေးချေ။ သို့သော် ဆော်ဒီအာရေဗျအသင်း ခြေစစ်ပွဲ၌ တောင်ကိုရီးယားနှင့် ဥဇဘက်ကစ္စတန် အသင်းများကို အနိုင်ယူခဲ့ခြင်းမှာ ပြိုင်ဘက်အသင်းများ သတိထားရမည့် အချက်ပင်ဖြစ်သည်။

စပိန် နည်းပြ



စပိန်အသင်းနည်းပြ အာရာဂူးနက်စ်။ (ဓာတ်ပုံ–အင်တာနက်)

ဆော်ဒီနည်းပြ ဂါဘရီရယ်ကယ်လ်ဒါရွန်က ဆော်ဒီကို အုပ်စုအဆင့်မှတက်ရန်ကြိုးစားသွားမည်ဟုဆိုနေသော်လည်း လက်တွေ့၌ မလွယ်ကူချေ။ ဆော်ဒီတိုက်စစ်မှူး ဆာမီအယ်လ်ဂျာဘားအနေဖြင့် နိုင်ငံတကာပွဲပေါင်း ၁၅၀ ကျော် ကစားခဲ့ပြီး ခြေစစ်ပွဲ၌ ဥဇဘက်ကစ္စတန်ကို အနိုင်ဂိုးနှစ်ဂိုးသွင်းပေးကာ ခြေစစ်ပွဲအောင်စေခဲ့သော်လည်း စပိန်နှင့် ယူကရိန်းတို့ကိုကျော်ရန် ဖြစ်နိုင်မှုနည်းနေသည်။

အာဖရိကအုပ်စု(င)တွင် အုပ်စုပထမဖြင့် ခြေစစ်ပွဲအောင်လာသော အသင်းအဖြစ် တူနီးရှားတို့ ကမ္ဘာ့ဖလားပွဲကို သုံးကြိမ်မြောက် ပါဝင် ကစားနိုင်ခြင်းသည်ပင် ဂုဏ်ယူရမည် ဖြစ်သည်။ သို့သော် ၁၉၇၈ခုနှစ် ကမ္ဘာ့ဖလား

ယူကရိန်း နည်းပြ

ယူကရိန်းအသင်းနည်းပြ အိုလက်ဂ်ဘလော့ချင်။ (ဓာတ်ပုံ–အင်တာနက်)

ပြိုင်ပွဲ၌ မက္ကဆီကိုအသင်းကို အနိုင်ကစားခဲ့ပြီး အနောက်ဂျာမနီကို သရေကန်ခဲ့သည့် မှတ်တမ်းရှိနေသည်။

တူနီးရှားနည်းပြ ရော်ဂျာလီမာရေးသည် ပြင်သစ်အသင်းကို ကမ္ဘာ့ဖလားယူပေးခဲ့သည့်နည်းပြဖြစ်သဖြင့် ကမ္ဘာ့ဖလားအုပ်စုပွဲအတွင်း မည်သို့သောနည်းဗျူဟာများဖြင့် ခင်းကျင်းမည်ကို ပြိုင်ဘက်အသင်းများက အလေးထားစောင့်ကြည့်နေကြသည်။

ယခုကမ္ဘာ့ဖလားခြေစစ်ပွဲ၌ အာဖရိကအသင်းကြီးများ ခြေစစ်ပွဲမအောင်သည့်ကြားမှ တူနီးရှားတို့ ခြေစစ်ပွဲအောင်လာသည်မှာ နည်းပြ ရော်ဂျာလီမာရေး၏ အစွမ်းအစပင်ဖြစ်သည်။

အထောက်အကူဖြစ်စေ

တူနီးရှားအသင်း၏အဓိကဘောလုံးသမားမှာ အသက် ၂၈ နှစ်ရှိပြီ ဖြစ်သည့် နောက်တန်းခံစစ်မှူး ထရာဘယ်လ်ဆီပင်ဖြစ်သည်။ တူနီးရှားအသင်းနှင့် ၁၉၉၈၊ ၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားပွဲများ၌ ပါဝင်ကစားခဲ့သူဖြစ်ပြီး ပြိုင်ဘက်တိုက်စစ်မှူးများကို ဟန့်တားထိန်းချုပ်ရာ၌ အစွမ်းထက်သူဖြစ်သည်။ နေရာယူမှု မှန်ကန်သူဖြစ်ပြီး ဘောလုံးအဖြတ်အတောက်၊ တိုက်စစ်ကို ဟန့်တားမှုနှင့် နောက်တန်းခံစစ်ကြောင်းလုံအောင် ကစားတတ်မှုများက တူနီးရှားကို ကမ္ဘာ့ဖလားပြိုင်ပွဲ၌ အထောက်အကူဖြစ်စေမည် ဖြစ်သည်။

သို့သော် အုပ်စု(ဇ)၌ တူနီးရှားတို့အုပ်စုမှ တက်ရေးအတွက် စပိန်နှင့် ယူကရိန်းကဲ့သို့အသင်းများကို ကျော်ဖြတ်ရန်မှာ လွယ်ကူလှသည်မဟုတ်ရာ အုပ်စုအဆင့်မှာပင် အိမ်ပြန်ရမည့် အနေအထားရှိကြောင်း တင်ပြလိုက်ရပါသည်။ ။

(အင်တာနက်)



- အမျိုးသားညီလာခံကို ကျင်းပကာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးအတွက် အခြေခံမူများနှင့် အသေးစိတ်အခြေခံမူများကို အမျိုးသားညီလာခံကိုယ်စားလှယ်များက ညှိနှိုင်းဆွေးနွေး အတည်ပြုချက် ချမှတ်ပေးလျက်ရှိသည်။
- အမျိုးသားညီလာခံသတင်းများကို လေ့လာကြည့်သောအခါ အနာဂတ်နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဌာန်နှင့် အနှစ်သာရကို ပုံဖော်မှန်းမျှော် ကြည့်ရှုရလာပြီ ဖြစ်သည်။
- အနာဂတ်နိုင်ငံတော်တွင် ပေါ်ပေါက်လာမည့် ဥပဒေပြုမှုနှင့်စပ်လျဉ်းသည့် အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို ထင်လင်းစွာ ပုံဖော်လာစေရေးအတွက် စာရေးသူ၏တွေ့ရှိချက်များကို တိုင်းရင်းသားပြည်သူများအား အကိုးအထောက် မှန်ကန်စွာဖြင့် လက်ဆင့်ကမ်းပေးထားသည် –

စိုးမြကျော် ၏

အနာဂတ်နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဌာန် ဥပဒေပြုမှု အသွင်သဏ္ဌာန်နှင့် အနှစ်သာရ

- အနာဂတ်နိုင်ငံတော် တည်ဆောက်မှု ပုံသဏ္ဌာန်နှင့် အနှစ်သာရ အခန်း (၁) ခန်းနှင့် အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှု အသွင်သဏ္ဌာန်နှင့် အနှစ်သာရ အပိုင်း (၁၃) ပိုင်းပါရှိသည်။
- ရောင်စုံ သရုပ်ဖော်ပုံများနှင့် စာမျက်နှာ (၁၅၀)။

ထွက်ပြီ

- စာပေဗိမာန် စာအုပ်ဆိုင် ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၃၈၀၄၄၈၊ ၂၉၉၀၃၁
- သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင် ၂၁၂ သိမ်ဖြူလမ်း ရန်ကုန်မြို့။
ဖုန်း - ၂၉၄၃၀၆

အိမ်ရှင်ဂျာမနီအသင်း၏ကမ္ဘာ့ဖလားမှတ်တမ်း

ဘာလင် ဇွန် ၇

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီးကို ဂျာမနီနိုင်ငံ၌ ဇွန် ၉ ရက်မှစ၍ ခြိမ့်ခြိမ့်သဲကျင်းပတော့မည်ဖြစ်ရာ ယခုနှစ်တွင် ကမ္ဘာ့ဖလားဖိုလ်စွဲရန် ရေပန်းစားနေသော ဘရာဇီး၊ အင်္ဂလန်၊ အာဂျင်တီးနားတို့နှင့်အတူ အိမ်ရှင်ဂျာမနီအသင်းသည်လည်း ပါဝင်သည်။

သို့ဖြစ်၍ ဂျာမနီအသင်းနှင့် သက်ဆိုင်သည့် ကောက်နုတ်ချက်များကို မြန်မာ့အလင်း ဘောလုံးပရိသတ်အတွက် ရေးသားဖော်ပြလိုက်ပါသည်။

ဇွန် ၉ ရက်	ဂျာမနီ နှင့် ကော့စတာရီကာ	၂၂း၃၀	မြူးနစ်
ဇွန် ၁၄ ရက်	ဂျာမနီ နှင့် ပိုလန်	၀၃း၃၀	ဒေါ့မွန်
ဇွန် ၂၀ ရက်	အီကွေဒေါ နှင့် ဂျာမနီ	၂၀း၃၀	ဘာလင်

ခြေစစ်ပွဲအောင်မြင်မှု

အိမ်ရှင်ဖြစ်၍ အလိုအလျောက် ခြေစစ်ပွဲ အောင်မြင်ခဲ့သည်။

မန်နေဂျာ။ ။ ကလင်းစမန်းသည် ဂျာမနီအသင်း၏ နည်းပြဖြစ်သည်။ ၁၉၉၀ ပြည့်နှစ်က ဂျာမနီအသင်း၏ ကစားသမားဖြစ်ပြီး အနောက်ဂျာမနီနှင့်အတူ ကမ္ဘာ့ဖလားဆွတ်ခူးနိုင်ခဲ့သူလည်းဖြစ်သည်။ ၂၀၀၄ ခုနှစ် ဇူလိုင်လက နည်းပြရူဒီဖောင်လာ နုတ်ထွက်သွားပြီးနောက် နည်းပြအဖြစ် အရွေးခံခဲ့ရသည်။

အသင်းခေါင်းဆောင်

ဂျာမနီအသင်း၏ ခေါင်းဆောင်မှာ မိုက်ကယ်ဘောလက် ဖြစ်ပြီး မကြာသေးမီက ချယ်လ်ဆီးအသင်းနှင့် စာချုပ်ချုပ်ဆိုထားသူဖြစ်သည်။ ဂျာမနီအသင်းအတွက်အထူးအားထားရသူဖြစ်ပြီး ယခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အိမ်ရှင်ပရိသတ် အားပေးမှုနှင့်အတူ ဂျာမနီအသင်းအား ကမ္ဘာ့ဖလားဆွတ်ခူးပေးနိုင်ရန် အလားအလာရှိသူဖြစ်သည်။ သို့ရာတွင် ၎င်းသည် ကမ္ဘာ့ဖလားပွဲကြိုခြေစမ်းပွဲ၌ ဒဏ်ရာအနည်းငယ်ရထား၍ စိုးရိမ်ပူပန်လျက်ရှိသည်။

ကမ္ဘာ့ဖလားအောင်မြင်မှုမှတ်တမ်း

ဂျာမနီအသင်းသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို သုံးကြိမ်တိုင် ဖိုလ်စွဲထားသည့်အသင်းဖြစ်သည်။

၁၉၅၄ ခုနှစ်၊ ၁၉၇၄ ခုနှစ်နှင့် ၁၉၉၀ ပြည့်နှစ်များတွင် ဖိုလ်စွဲခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပစဉ်က ဖိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ဂျာမနီအသင်းသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံး၁၀ ကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာတွင် ခြောက်ကြိမ်တိုင် ဖိုလ်လုပွဲသို့ ရောက်ရှိခဲ့သည်။ အမြင့်ဆုံး ကမ္ဘာ့ ဖလားအောင်မြင်မှု ၁၉၅၄ ခုနှစ်က ဆွတ်ခူးနိုင်ခဲ့သည့် ကမ္ဘာ့ဖလားသည် ဂျာမနီအသင်းအတွက် အမြင့်ဆုံးကမ္ဘာ့ဖလား အောင်မြင်မှုဖြစ်သည်။ ထိုနှစ်က ဂျာမနီအသင်းသည် ပြိုင်ပွဲတစ်လျှောက် အရှုံးမရှိသော ဟန်ဂေရီအသင်းအပေါ် အနိုင်ရလိုက်ခြင်းဖြစ်သည်။ ယင်းအောင်မြင်မှုသည် ဒုတိယကမ္ဘာစစ်အပြီး အအောင်မြင်ဆုံး ဂျာမနီအသင်းဖြစ်လာခဲ့သည်။

ကမ္ဘာ့ဖလားရှုံးနိမ့်မှု

ဂျာမနီအသင်းသည် ၁၉၉၈ခုနှစ်က ပြင်သစ်ကမ္ဘာ့ဖလားပွဲတွင် မမျှော်လင့်ဘဲ ခရိုအေးရှားအသင်းကို ကွာတားဖိုင်နယ်တွင် သုံးဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ ယင်းရှုံးနိမ့်မှုသည် ၁၉၅၈ခုနှစ်က တတိယနေရာလုပွဲတွင် ခြောက်ဂိုး–သုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် အဆိုးရွားဆုံးသော ရှုံးနိမ့်မှုပင် ဖြစ်သည်။

ဂန္ထဝင်အကောင်းဆုံးဘောလုံးသမား

ဂျာမနီအသင်းသည် ၁၉၇၄ ခုနှစ်က ကမ္ဘာ့ဖလားဖိုလ်စွဲနိုင်ခဲ့မှုနှင့် အတူ အကောင်းဆုံးဘောလုံးသမားဆုကို ဘက်ကင်ဘောင်ဝါ ရရှိခဲ့သည်။ ၎င်းသည် ၁၉၉၀ ပြည့်က ဂျာမနီ ကမ္ဘာ့ဖလားဖိုလ်စွဲရာတွင် မန်နေဂျာအဖြစ် တာဝန်ယူကိုင်တွယ်ပေးခဲ့သူဖြစ်သည်။

အားသာချက်

ဂျာမနီအသင်းနည်းပြ ကလင်းစမန်းက ၎င်း၏အသင်းကို ပြုပြင်ပြောင်းလဲမှုများ စတင်ပြုလုပ်ခဲ့ပြီးနောက် တိုက်စစ်ကိုအားပေးခဲ့သည့် အသင်းဖြစ်လာသည်။ ယင်းတိုက်စစ် ပြုပြင်ပြောင်းလဲမှုကြောင့် ဂျာမနီအသင်းသည် ဂိုးများများသွင်းနိုင်သည့် အသင်းဖြစ်လာသည်။

ကလင်းစမန်း၏ နည်းဗျူဟာအရ အတွေ့အကြုံနည်းသော နောက်တန်းကစားသမားများကို အသုံးပြုခြင်းသည် အားနည်းချက်တစ်ရပ်ဖြစ်သည်။ မကြာသေးမီက ယင်းအားနည်းချက်ကို ပြုပြင်လိုက်၍ တောင့်တင်းခိုင်မာသည့် အသင်းဖြစ်လာသည်။

ကမ္ဘာ့အဆင့်သတ်မှတ်ချက်။ ။အဆင့် ၁၉ (အင်တာနက်)

ဂျာမနီအသင်းမှ အားထားရသော ကွင်းလယ်ကစားသမား မိုက်ကယ်ဘောလက်။

ရွှန်နေ

လေ့ကျင့်ရေးကွင်း၌ အင်္ဂလန်အသင်းနှင့်အတူ လေ့ကျင့်နေသော ရွှန်နေ။

ရွှန်နေကမ္ဘာ့ဖလား ပါဝင်ကစားဖွယ်ရှိ

လန်ဒန် ဇွန် ၇

အင်္ဂလန်တိုက်စစ်မှူး ရွှန်နေသည် ဂျာမနီကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် ပါဝင်ကစားနိုင်မည့်အခြေအနေရှိကြောင်း၊ ဓာတ်မှန်စစ်ဆေးမှု အောင်မြင်ရန် သေချာနေကြောင်း အင်္ဂလန်ပရိသတ်များက ယုံကြည်ထားသည်။

လုံးဝပျောက်ကင်း

အသက် ၂၀အရွယ်ရှိ ရွှန်နေသည် ဗုဒ္ဓဟူးနေ့တွင် ၎င်း၏ခြေဖဝါးကျိုးမှု နောက်ဆုံးစစ်ဆေးရန် အင်္ဂလန်သို့ ဂျာမနီမှ ပြန်သွားခဲ့သည်။ သို့ရာတွင် ရွှန်နေသည် ကမ္ဘာ့ဖလားပြိုင်ပွဲဝင် အင်္ဂလန်အသင်းနှင့်အတူ ဂျာမနီ၌ ပါဝင်လေ့ကျင့်ခဲ့ရာ ဒဏ်ရာမှာ လုံးဝပျောက်ကင်းနေသည့် အနေအထားရှိကြောင်း အင်္ဂလန်ဘောလုံး ပရိသတ်များက ပြောကြားသည်။

လေ့ကျင့်မှုများဆက်လက်ပြုလုပ်

မန်ချက်စတာယူနိုက်တက်နှင့် အင်္ဂလန်အသင်းဆရာဝန်များက ရွှန်နေ၏ ဓာတ်မှန်စစ်ဆေးမှု အောင်မြင်လျှင် ဂျာမနီသို့ လေ့ကျင့်မှုများ ဆက်လက်ပြုလုပ်ရန် ပြန်ရလိမ့်မည် ဖြစ်သည်။

ယင်းအင်္ဂလန်တိုက်စစ်မှူးသည် နောက်ဆုံးစစ်ဆေးခြင်းမတိုင်မီ ဂျာမနီရှိ လေ့ကျင့်ရေးကွင်း၌ လေ့ကျင့်နေသော အနေအထားအရ ကမ္ဘာ့ဖလားတွင် ပါဝင်နိုင်ဖွယ်ရှိကြောင်း နည်းပြအဲရစ်ဆင်က မျှော်လင့်ထားသည်။

(အင်တာနက်)

ကယားပြည်နယ် မိခင်/ကလေးကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည်စည်းဝေး အလှူငွေများပေးအပ်၊ ရှေ့လုပ်ငန်းစဉ်များ ရှင်းလင်းပြောကြား

လွိုင်ကော် ဇွန် ၄

ကယားပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးနှင့် မြို့နယ်အသင်းများသို့ ထောက်ပံ့ငွေနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို မေ ၃၁ ရက်က လွိုင်ကော်မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမြင့်ရွှေက အမှာစကားပြောကြားသည်။(ယာပုံ)

ပေးအပ်လှူဒါန်း

ထို့နောက် ကယားပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့သို့ ငွေကျပ်သိန်း ၂၀ ထောက်ပံ့ပေးအပ်ပြီး ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုချို သန်းက မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများသို့ ထောက်ပံ့ ငွေကျပ်၁၀သိန်းစီနှင့် ဝတ်စုံများပေးအပ်သည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်း ရေးမှူး ဒေါက်တာဒေါ်သန်းစိန်က ၂၀၀၆ခုနှစ်အတွင်း ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြော ကြားသည်။

(ခရိုင် ပြန်/ဆက်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေး အဖွဲ့က ၂၀၀၅–၂၀၀၆ ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သော တစ်လွှာတစ်ထပ် ဘေလီတံတားကို မေ ၃ ရက်က ပြည်နယ်စည်ပင် သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်လှိုင် ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ဘူးသီးတောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်၊ အရိပ်ရပင်များ ပျိုးထောင်ထားမှုကို မေ၁၈ရက်က ရခိုင် ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်း စစ်ဆေးရာ အမှုဆောင်အရာရှိဦးလှဦးက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

တောင်ငူမြို့၌ မီးဘေးအန္တရာယ်ကာကွယ်နိုင်ရေး ဂါလန်နှစ်သောင်းဆံ့ မီးသတ်ရေစင်ဆောက်ရန် ငွေလှူဒါန်း

တောင်ငူ ဇွန် ၃

မီးဘေးအန္တရာယ်ကာကွယ်နိုင်ရေးအတွက် တောင်ငူမြို့အနောက်ခြမ်း ဈေးလမ်းနှင့် လမ်းမကျယ်လမ်းဆုံတွင် ငွေကျပ်သိန်း ၂၀၀ ကျော်ဖြင့်အကုန် အကျခံ၍ တည်ဆောက်ဆဲဖြစ်သည့် ဂါလန်နှစ်သောင်းဆံ့ မီးသတ်ရေစင်အတွက် မေ ၃၁ ရက်က တောင်ငူမြို့နယ်သတင်းထောက် ဦးကျော်လှ–ဒေါ်ဒေဝကီး ဒေဝီ(သမာဓိ မိသားစု)က အလှူငွေကျပ်၅၀၀၀၀ ပေးအပ်လှူဒါန်းရာ တောင်ငူ မြို့နယ် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးရဲဝင်းက လက်ခံရယူသည်။ **(အောက်ပုံ)**

အဆိုပါ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အထောက်အကူပြု ကော်မတီက တောင်ငူမြို့အရှေ့ခြမ်း ရန်ကုန်–မန္တလေးကားလမ်းမကြီးဘေး တွင် အလားတူ ဂါလန်တစ်သောင်းဆံ့ မီးသတ်ရေစင်တစ်ခုကို မြို့နေပြည်သူ များ စုပေါင်းလှူဒါန်းငွေများဖြင့် တည်ဆောက်ပေးခဲ့ပြီးဖြစ်သည်။

(၃၇၂)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ် နယုန်လဆန်း ၁၄ ရက်

၉–၆–၂၀၀၆

(သောကြာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ အာဋာနာဋိယ သုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (ငွေပင်လယ်အဆင့်မြင့် ငါး၊ပုစွန် ရောင်းဝယ်ရေးဇုန်လုပ်ငန်းများ)

၁၁း၃၅ ထူးဆန်းထွေလာ သတင်းပဒေသာ

၁၂း၀၀ သုတအဖြာဖြာ တိုင်းရင်းဆေး ပညာ (ဆေးဖက်ဝင် ကညွတ်ပင်)

၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ (စံပယ်တစ်ပွင့်ရဲ့ ဥယျာဉ်မှူး)

ညနေပိုင်း

၁၆း၀၀ ရာသီခါမီ တေးပန်းချီ
(၁) မိအေးကြိုက်တဲ့သပြေညို
(၂) မိုးသားလေ့လေး
(၃) မိုးနတ်လုလင်

၁၇း၃၀ မေတို့ရေးရာ သိမှတ်စရာ (မဟာသဒ္ဓမ္မဇောတိကဓဇ ကမ္ဘာ လှည့် ဒေါ်တင်တင်စိန် နှင့် ဆွေးနွေးခန်း)

၁၇း၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၈း၂၅ ကျေးလက်ဇာတ်လမ်း (သိတတ်လိုက်တာ)

၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ (စိတ်သောက ဝေဒနာကို ခြေရာကောက်ခြင်း–မောင်ဆုရှင်)

၁၉း၁၅ မြန်မာမှု မြန်မာ့သဘင် (မြန်မာ့ရာသီတော်ဦးအစီအစဉ်)

၂၀း၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) မိုးစက်လေးတွေကြည့်လို့ လွမ်းနေမယ်
(၂) ပြစ်မျိုးမဲ့မထင်
(၃) တေလေငှက်

တွံတေးမြို့နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန၏ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲကို မေ ၂၈ရက်က ထော်သိုကျေးရွာနှင့် လသာကျေးရွာအနီး စိုက်ခင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နိုင်၊ ဒုတိယ ဦးစီးမှူး များနှင့် ဝန်ထမ်းများက သုံးဧက ပေါ်တွင် ခြံစည်းရိုးကြက်ဆူပင် ပေါင်း ၃၆၀၀ ကို စုပေါင်းစိုက်ပျိုး ကြစဉ်။ (မြို့နယ်ပြန်/ဆက်)

မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ကျင်းပ ချောင်းဦး၌ စာရေးကိရိယာနှင့် အလှူငွေများလှူဒါန်း

ချောင်းဦး ဇွန် ၂

မုံရွာခရိုင် ချောင်းဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းနှင့် ပညာရေးဌာနတို့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ချောင်းဦး မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေး နေ့ အခမ်းအနားကို မေ ၂၇ ရက်က ချောင်းဦးမြို့ အထက ဘုရင့်နောင် ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်း လက်ထောက်တိုင်းပညာရေးမှူး(စစ်ဆေး ရေး)ဒေါ်ဖြူဖြူသက်၊ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်သူနှင့် အဖွဲ့ ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ပညာ ရေးမှူး ဦးအေးမြင့်က မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ကျောင်းသုံး စာရေး ကိရိယာများနှင့် အလှူငွေများ ပေးအပ် လှူဒါန်းပွဲကို ကျင်းပရာ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း မြို့နယ် ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ယာယီ အတွင်းရေးမှူး ဦးချစ်လွင်က ကျောင်း သုံးဗလာစာအုပ် ၁၀ ဒါဇင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က အလှူငွေ ကျပ် ၁၀၀၀၀၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက အလှူငွေ ကျပ် ၁၀၀၀၀၊ စေတနာရှင်များက အလှူငွေကျပ်တစ်သိန်းပေးအပ်လှူဒါန်း ရာ တာဝန်ရှိသူများက လက်ခံရယူ ကြသည်။

(က–ပ)

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့ အနော်ရထာလမ်းမ ဘေး ၀ဲ ယာရှိ ပန်းအုတ်ခုံများ ဆေးသုတ်မွမ်းမံခြင်းကို စည်ပင် သာယာရေးအဖွဲ့ ဝန်ထမ်းများ မေ၂၀ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးတင့်ဝေ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

မုံရွာမြို့ ရပ်ကွက်များသို့ ယင်လုံအိမ်သာများ ပေးအပ်လှူဒါန်း

မုံရွာ မေ ၂၀

မုံရွာမြို့ပေါ်ရှိ ရပ်ကွက်များဖြစ်သော သလ္လာ၊ အောင် ချမ်းသာ၊ ကျွဲကြီး၊ ဘုန်းစိုး၊ လယ်တီ(အင်းရွာသစ်)၊ ထန်းတော၊ ရတနာပုံနှင့်နန္ဒဝန် ရပ်ကွက်များရှိ မိသားစု အချို့အား ယင်လုံအိမ်သာအလှူရှင် ကမ္ဘာ့ဗုဒ္ဓသာသနာ ပြုတက္ကသိုလ်မှ သာသနဓဇ သဒ္ဓမ္မနေပုည သာသနာ့ ဇောတိပါလ ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ ဓမ္မဒူတအရှင်ဆေကိန္ဒက လှူဒါန်းငွေကျပ် ၂၅သိန်းဖြင့် ယင်လုံအိမ်သာအလုံး၁၀၀ ပေးအပ်လှူဒါန်းပွဲအခမ်းအနား ကို မေ ၆ရက်က စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ခန်းမ၌ ကျင်းပသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် ယင်လုံအိမ်သာ ဆောက်လုပ်လှူဒါန်း ခြင်းနှင့်ပတ်သက်၍ မုံရွာမြို့နယ် စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ဦးက ရှင်းလင်း တင်ပြပြီး ယင်လုံအိမ်သာအလှူရှင်ကိုယ်စား စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင် ဆွေက တိုင်းကျန်းမာရေးဦးစီးဌာန လက်ထောက် ညွှန်ကြား ရေးမှူး ဒေါ်လှလှသန်းထံသို့ ယင်လုံအိမ်သာ အလုံး ၁၀၀ နှင့်ပတ်သက်သော စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ် သည်။ **(တိုင်း ပြန်/ဆက်)**

8-6 (15).p65 1 1/10/32, 1:36 PM

ပဲခူးတိုင်း ညောင်လေးပင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသောညောင်လေးပင်မြို့နယ်နှင့် ကျောက်တံခါးမြို့နယ် ဆက်သွယ်ထားသော ပိန်းဇလုပ်ရွာမ-ကညင်ကျိုးလမ်းပေါ်ရှိ တံတားအမှတ်(၆) အောက်ခံအုတ်ခုံ တည်ဆောက်ပြီးစီးမှုကို မေ၂၉ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်နု ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမင်းကိုကိုက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

ကျောင်းအပ်နှံရေးနေ့နှင့် အလှူငွေပေးအပ်ပွဲ ရွှေတောင်၌ ကျင်းပ

ရွှေတောင် ဇွန် ၂

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျောင်းအပ်နှံရေးနေ့နှင့် အလှူငွေပေးအပ်ပွဲကို မေ၂၈ရက် နံနက်က အခြေခံပညာအထက်တန်းကျောင်း ရတနာခန်းမ၌ကျင်းပရာ ပဲခူးတိုင်း(အနောက်ပိုင်း) လက်ထောက်တိုင်းပညာရေးမှူး ဆရာမကြီးဒေါ်ထွားတင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဝင်းတို့က အမှာစကားပြောကြားသည်။

ဆက်လက်၍အလှူငွေ ပေးအပ်ပွဲကို ကျင်းပရာ ရပ်ကွက်နှင့်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ လှူဒါန်းသောအလှူငွေများကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအောင်ဝင်းက မြို့နယ်ပညာရေးမှူးဦးဘညိဏ်းတင့်သို့ပေးအပ်ပြီး**(ယာပုံ)** မြို့နယ်ပညာရေးမိသားစု၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းဖွဲ့များနှင့် စေတနာရှင်အလှူရှင်များ လှူဒါန်းသော အလှူငွေကျပ်နှစ်သိန်းကျော်ကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် လက်ထောက်မြို့နယ်ပညာရေးမှူးများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ စေတနာရှင် အလှူရှင်များ ဆရာ ဆရာမများ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

အထက်တန်းအဆင့် ဆရာများမွမ်းမံသင်တန်းဆင်း

ဟသ်ာတ ဇွန် ၃

အခြေခံပညာအထက်တန်းအဆင့် အင်္ဂလိပ်၊ သင်္ချာနှင့် ရူပဗေဒဘာသာပြ ဆရာများ မွမ်းမံသင်တန်းဆင်းပွဲကို မေ၂၆ရက် နံနက်ဂုနာရီက ဟသ်ာတမြို့ ဟသ်ာတတက္ကသိုလ် ရွှေဟသ်ာခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဗိုလ်မှူးချစ်မြိုင်နှင့်အဖွဲ့ဝင်များ၊ သင်တန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဟသ်ာတတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးခင်မောင်ချိုနှင့် ဘာသာရပ်ပါမောက္ခ၊ ဌာနမှူး၊ သင်တန်းနည်းပြများ၊ မြို့နယ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အခြေခံပညာကျောင်းများမှ ဘာသာရပ်သင်ဆရာ ဆရာမများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် သင်တန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဟသ်ာတတက္ကသိုလ်ဒုတိယပါမောက္ခချုပ် ဦးခင်မောင်ချိုက သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းတွင် ဘာသာရပ်အလိုက် ပထမ၊ ဒုတိယ၊ တတိယဆုရ သင်တန်းသားများကို တာဝန်ရှိသူများကဆုများချီးမြှင့်ကြသည်။ **(ယာပုံ)**

ဂုဏ်ပြုလွှာ

ဆက်လက်၍သင်တန်းပြီးမြောက်အောင်မြင်ကြောင်း သင်တန်းဆင်းလက်မှတ်များအပ်နှင်းပြီး သင်တန်းနည်းပြဆရာ ဆရာမများအား ပညာရေးဝန်ကြီး၏ ဂုဏ်ပြုမှတ်တမ်းလွှာများချီးမြှင့်သည်။ အဆိုပါသင်တန်းသို့ ဟသ်ာတခရိုင် ခြောက်မြို့နယ်မှအခြေခံပညာအထက်တန်းအဆင့် ဘာသာပြ သင်တန်းသား ဆရာ ဆရာမ၂၀၃ဦး တက်ရောက်ပြီး သင်တန်းကာလမှာ နှစ်လကြာမြင့်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

မင်းတုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅-၂၀၀၆ခုဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ရွှေဂူတံတား တည်ဆောက်ပြီးစီးမှုအခြေအနေကိုမေ၂၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးစောသိန်းဦး ကြည့်ရှုစစ်ဆေးစဉ်။ (နယ်စပ်/စည်ပင်)

ကြေးပိဋကတ်တော်ပြုလုပ်ရန်အတွက် ငွေလှူဒါန်း

ရန်ကုန် ဇွန် ၇

ကြေးပိဋကတ်တော်ပြုလုပ်ရန်အတွက် မရမ်းကုန်းမြို့နယ် အမှတ် (၁) ရပ်ကွက် ၇ လမ်း အမှတ် ၅၀၇ နေ ဦးလှဘန်း၊ ဒေါ်မဦးခင်(အောင်ကျော်စည်အုတ်၊ သဲ၊ ကျောက်နှင့် လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေးဆိုင်)မိသားစု၊ ဦးကျော်စံဦးအားရည်စူး၍ ရခိုင်ပြည်နယ်စစ်တွေမြို့ ကျောင်းတက်လမ်းနေ ဇနီး ဒေါ်ကျော့တင်(အခွန်ဦးစီးမှူး)၊ မြောက်ဥက္ကလာပမြို့နယ် (၂) ရပ်ကွက် သုမဂ်ှာ ၃ လမ်း အမှတ် ၁၀၇၂ နေ ဦးလှမောင်သန်း-ဒေါ်မေသင်၊ သမီး မမေဇင်ဝင်းမောင်၊ သား မောင်ကျော်ဇေလင်းမောင် မိသားစု၊ ဒေါ်ဖြူမာဝေ(လက်ထောက်ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး)၊ စမ်းချောင်းမြို့နယ် မြေနီကုန်းရပ်ကွက် မြေနုလမ်း အမှတ် ၁၄ နေ ဦးဘစောမိသားစု၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) ၃၂ ရပ်ကွက် ဇမ္ဗူသီရိ ၂ လမ်း အမှတ် ၉/၈၆၁ နေ မသူဇာတင်၊ သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏမီးပွိုင့် သံသုမာလမ်း တိုက်၂၊ အခန်း၂နေ ဦးစံရွှေမောင်-ဒေါ်လှသိန်း(ရွှေမြစတိုး)မိသားစု၊ နှစ်ဖက်သောမိဘများအားရည်စူး၍ အလုံမြို့နယ် အောင်ဇေယျလမ်း အမှတ် ၈၅ ပထမထပ်နေ ဦးမောင်အေးနု၊ ဒေါ်မသိန်းတင်မိသားစု၊ နှစ်ဖက်သောမိဘများအားအမှူးထား၍ ဗိုလ်တထောင် မြို့နယ် ၄၅ လမ်း အမှတ် ၁၄၀ နေ ဦးသိန်းထွန်းအေး-ဒေါ်နုနုအေး၊ သား စိုးသန်းမောင်နှင့် သမီး ခင်လတ်လတ်စိုး မိသားစုတို့က ကြေးပြားတစ်ချပ်စီ လှူဒါန်းကြသည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူရှင်များသည် ကြေးပြားတစ်ချပ်လျှင် အလှူငွေကျပ် ၁၈၀၀၀ဖြင့် ဆရာတော်ဘဒ္ဒန္တဉာဏနှင့် ကြေးပိဋကတ်တော်ပြုလုပ်လှူဒါန်းရေးအဖွဲ့ မင်္ဂလာတိုက်ကျောင်း ကျောင်းတော်ရာရွှေကျင်တိုက် ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ် ဖုန်း-၅၄၈၈၀၅ သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဆေးလိပ်အန္တရာယ် ကာကွယ်တားဆီးရေး ပညာပေးဟောပြောပွဲ စဉ့်ကူးမြို့၌ ကျင်းပ

စဉ့်ကူး ဇွန် ၁

မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ၂၀၀၆ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားကို မေ ၃၁ရက် နံနက်ဂုနာရီက စဉ့်ကူးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စွာနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်ကေသီမော်တို့က အဖွင့်အမှာစကားပြောကြားကြသည်။

ပြောကြား

ထို့နောက်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွင်းရေးမှူး မြို့နယ်ကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာလှလှကြည်က ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ ကျင်းပရခြင်းအကြောင်း ရှင်းလင်း ပြောကြားပြီး **'ဆေးလိပ်ဆေးရွက်ဆွဲဆောင်အား၊ အသက် အန္တရာယ် သတိထား၊ တွန်းလှန်နိုင်ဖို့ ဒို့ကြိုးစား'**ဆောင်ပုဒ်ဖြင့် ဆေးလိပ်အန္တရာယ်ကာကွယ်တားဆီးရေးတို့ကို ပညာပေး ဟောပြောကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ခြံစည်းရိုးကြက်ဆူပင်များ စုပေါင်းပျိုးထောင်

ကျောက်ကြီး မေ ၂၅

ကျောက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်း၍ ခြံစည်းရိုးကြက်ဆူပင်ပျိုးထောင်မှုကို မေ ၁၅ ရက်က ကျင်းပရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုလေးနှင့် တာဝန်ခံ အင်ဂျင်နီယာဦးဇော်မြင့်တို့က ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြင်းခြံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူး၍ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲကို မေ၁၅ရက်က မြင်းခြံမြို့နယ် စည်းရုံးရေးနယ်မြေ(၃) ကူရွာ၊ ကွမ်းစိုက်နှင့် ခြေဆေးကျေးရွာချင်းဆက်လမ်းဘေးဝဲယာများတွင် စုပေါင်းစိုက်ပျိုးကြစဉ်။ (၄၀၂)

ဥကပ်နေသောရေချိုပုစွန်တုပ်ကြီးများမဖမ်းရန် ပညာပေးနှိုးဆော်ချက်(၂/ ၉၇)

တန်ခူး၊ ကဆုန်၊ နယုန်လများတွင် ဥကပ်နေသော သို့မဟုတ် ဥနှင့်ပြည့်ဝနေသော ရေချိုပုစွန်တုပ်ကြီးများသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြစ်ချောင်း၊အင်းအိုင်များတွင် ဥချရန် ပြင်ဆင်လျက်ရှိပါသည်။ ၎င်းတို့မှ မကြာမီထောင်ပေါင်းများစွာသော ပုစွန်များလည်း ပေါက်ပွားလာတော့မည် ဖြစ်ပါသည်။

အကယ်၍ အဆိုပါ ဥကပ်နေသော သို့မဟုတ် ဥနှင့်ပြည့်ဝနေသော ပုစွန်တုပ်ကြီးများအား ဖမ်းဆီးသတ်ဖြတ်ခဲ့ပါက ၎င်းတို့မှ ပုစွန်သားလောင်းများ မပေါက်ပွားနိုင်တော့ဘဲ မျိုးပြုန်းတီးရာလည်း ရောက်စေပါသည်။ ရေချိုပုစွန်များ ပေါများကြွယ်ဝလာစေရန် ယခုကဲ့သို့ ဥကပ်နေသောရာသီချိန်တွင် ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးမှသာ ထုတ်လုပ်မှုအားမြင့်မားလာပြီး အမျိုးသားစီးပွားရေး ဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။

ဥကပ်နေသော သို့မဟုတ် ဥနှင့်ပြည့်ဝနေသော ပုစွန်တုပ်ကြီးများအား ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်းများ မပြုလုပ်ရန် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် (၁/၉၂)ဖြင့် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို လိုက်နာခြင်းမရှိပါက ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၄၂၊ ၄၄၊ ၄၅ပါ ပြဋ္ဌာန်းချက်များအရ တရားစွဲဆိုအရေးယူခြင်းခံရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရေချိုပုစွန်တုပ်များ ရေရှည်တည်တံ့နေစေရန် ယခုကဲ့သို့သော ဥကပ်ရာသီချိန်တွင် ဖမ်းဆီးခြင်းမပြုဘဲ နေရာတိုင်းတွင် ဘေးမဲ့ပေးကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

ယုဇနကော့သောင်းဆီအုန်းခြံတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါ ဝန်ထမ်းများ အလိုရှိသည်။

၁။ စိုက်ပျိုးရေးဘွဲ့ရ (B.Ag,Dip Ag) (ကျား) (၂၀)ဦး

၂။ တက္ကသိုလ်ဘွဲ့ရ(BA,B.Sc) (ကျား) (၁၀)ဦး

၁။ လက်ထောက်ကျန်းမာရေးမှူး (ကျား) (၂)ဦး

အမှတ်စဉ်(၁)နှင့်(၂)အတွက် အသက်၃၅နှစ်အောက်နှင့် အမှတ်စဉ်(၃)အတွက် ၅၀နှစ်အောက် ဖြစ်ရမည်။ လျှောက်ထားလိုသူများသည် ဘွဲ့လက်မှတ်မူရင်း၊ မိတ္တူ၊ ဓာတ်ပုံ(၁)ပုံ၊ အလုပ်သမားမှတ်ပုံတင် မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာ၊ မှတ်ပုံတင်မူရင်းများနှင့်အတူ အမှတ်(၁၃၀) ယုဇနစင်တာ တတိယထပ်၊ ရွှေဂုံတိုင်သို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

ဘဒ္ဒန္တ ဉာဏစက္ကအရှင်သူမြတ်၏ သက်တော်(၈၃)နှစ်ပြည့်မွေးနေ့ပူဇော်ပွဲ

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ် မင်္ဂလာသီရိမဟာသတိပဋ္ဌာန်းကျောင်းတိုက်ပဓာနနာယကဆရာတော်ဘဒ္ဒန္တ ဉာဏစက္ကအရှင်သူမြတ်၏ သက်တော်(၈၃)နှစ်ပြည့် မွေးနေ့ဝိဇာတမင်္ဂလာပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ရာ ဒါယကာ၊ဒါယိကာမများအား ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက်။ ။ ၁၃၆၈ ခု နယုန်လပြည့်ကျော်(၇)ရက်
၂၀၀၆ ခု ဇွန်လ(၁၇) ရက်(စနေနေ့)။

အချိန် ။ ။ နံနက်(၉)နာရီ။

နေရာ ။ ။ မင်္ဂလာသီရိမဟာသတိပဋ္ဌာန်းကျောင်းတိုက်။

ဗုဒ္ဓသာသနာတော်ချီးမြှောက်ပူဇော်ရေးအဖွဲ့။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆)

မန္တလေးတိုင်းတရားရုံး

၂၀၀၄ ခုနှစ် တရားမဇာရီမှုအမှတ်–၂၀(အမ်)

မြန်မာ့စီးပွားရေးဘဏ်၊ **နှင့်** ၁။ ဦးချစ်ဝေကြည်
မြင်းခြံမြို့

တရားနိုင် **တရားရှုံး**

၂၀၀၁ ခုနှစ်၊ တရားမကြီးမှုအမှတ်–၁၅၁တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၆ခုနှစ် ဇူလိုင်လ ၁၂ ရက်နေ့ (မြန်မာသက္ကရာဇ် ၁၃၆၈ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

မြင်းခြံမြို့၊အမှတ်(၁၂)ရပ်ကွက်၊မြေကွက်အမှတ်(၃၃)၊ဦးပိုင်အမှတ် (၁၅)၊ ဧရိယာ ၀.၁၁၁၈ ၀.၉၉ဧကရှိမြေနှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်ပတ်ကားတိုက်တွင် ဆင်ဝင်သံကူကွန်ကရစ် ပါဝင်လျက် ပတ်ကားသံကူကွန်ကရစ်ထပ်ချင်းတိုက်။

လေလံကြမ်းခင်းဈေး–ကျပ်သိန်း(၁၀၀)

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင်မှားယွင်းခြင်း၊မမှန်စကားပါခြင်း၊သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချရမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည် ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ ခုနှစ် မေလ ၃၀ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ကြည်သိန်း

တွဲဖက်တိုင်းတရားသူကြီး(၁)။

လုံးချင်းအိမ်(နှစ်ထပ်တိုက်) ခြံ၊ မြေ ညှိနှိုင်းဈေးရောင်းမည်

၁။ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၄/၁၊ မြေကွက် အမှတ်(၆၉/၂)မြေဧရိယာ ၀ ဒသမ ၀၄၀ ဧက စတုရန်းပေ ၁၇၄၀ ပေ ၃၀ X ပေ၆၀ နှစ်(၆၀)ဂရန်မြေနှင့် ၎င်းမြေပေါ်၌ ဆောက်လုပ်ထားသော နှစ်ထပ်တိုက် လုံးချင်းအိမ်နှင့် အကျိုးခံစားခွင့်အားလုံး။

၂။ ဒဂုံမြို့သစ်မြောက်ပိုင်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁) မြေကွက် အမှတ်(၁) ဧရိယာ ပေ၄၀ X ပေ ၆၀မြေဧရိယာ ၀ ဒသမ ၀၅၅ ဧက၊ စတုရန်းပေ၂၄၀၀ နှစ်(၆၀)ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အားလုံး။

ဆက်သွယ်ရန်

ဖုန်း– ၀၉ ၉၉ –၂၅၄၈၇၊

ဖုန်း– ၀၉ ၉၉ –၂၅၄၁၄၊

ဖုန်း– ၀၁–၃၈၁၇၂၄။

[illegible]

ကျောင်းနေအရွယ်ကလေးငယ်များ ကျောင်းအပ်နှံရေး စာအုပ်၊ စာရေးကိရိယာနှင့် အလှူငွေများပေးအပ်လှူဒါန်း

လှိုင်းဘွဲ့ မေ ၂၉

လှိုင်းဘွဲ့မြို့နယ်၏ ၂၀၀၆–၂၀၀၇ခု ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ၂၆ရက် နံနက်၉နာရီက လှိုင်းဘွဲ့မြို့ အခြေခံပညာအထက်တန်းကျောင်း ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ဘားအံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကိုကိုကြီးက ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ကျောင်းအပ်နှံရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ရေး ပြောကြားပြီး အမှတ်(၁)အခြေခံပညာ ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးမင်းကျော်ဝေနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလွင်မင်းတို့က အမှာစကား ပြောကြားကြသည်။

ရည်ရွယ်ချက်

ဆက်လက်၍ မြို့နယ် ပညာရေးမှူး ဒေါ်ဒီဇဲဒါက ကျောင်းအပ်နှံရေးနေ့ အခမ်းအနား ကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် မျှော်မှန်းချက်များကို ရှင်းလင်းတင်ပြသည်။

လှူဒါန်း

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကိုကိုကြီးက လှူဒါန်းငွေကျပ်တစ်သိန်းကို မြို့နယ်ပညာရေးမှူးထံ ပေးအပ်ပြီး ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များက စာအုပ်၊ စာရေးကိရိယာနှင့် အလှူငွေများ လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

(မြို့နယ် ပြန်/ဆက်)

ပုံပါကျင်မြို့ အောင်သီရိလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းအတွက် ဦးစိုင်းဝင်းမြတ်ဦးနှင့် ညီအစ်ကိုမောင်နှမများက ငွေကျပ် သိန်း ၃၀ ကျော် လှူဒါန်းငွေဖြင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ် စည်ပင်)

ညောင်ဦးမြို့ ရွှေစည်းခုံဘုရားလုံးတော်ပြည့် ရွှေသင်္ကန်းကပ်ရန် ငွေလှူဒါန်း

ရန်ကုန် ဇွန် ၇

ညောင်ဦးမြို့ သမိုင်းဝင် ရွှေစည်းခုံစေတီ ဂေါပကအဖွဲ့က ကြီးမှူးပြီး ကျပ်သိန်းပေါင်း ၁၆၅၀ အကုန်အကျခံကာ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူမည်ဖြစ်ရာ ကမာရွတ်မြို့နယ် ဘုရင့်နောင်တာဝါ II၊ အခန်း ၂၇နေ ဦးရန်ဝင်း–ဒေါ်ကြူကြူခင်၊ သားသမီးမြေး မြစ် တစ်စုက မိဘများဖြစ်ကြသော ဦးရန်နား–ဒေါ်စိန်နှင်း၊ ဦးယုခင်–ဒေါ်ဒေါ်ထွေးတို့ကို ရည်စူးပြီး ဦးဝမ်လှိုင်၊ သား မောင်ကျော်ပိုင်ထွန်းတို့က ကိုးလက်မပတ်လည် ရွှေချပြီး ရွှေပြား၁၅ချပ်၊ ဦးထွန်းထွန်း–ဒေါ်ခွဲဘူ၊ သမီး သာယာမြတ်နိုးထွန်း၊ ဒေါက်တာဇော်လွင်၊ ဒေါ်မိမိခင် မိသားစု၊ ဦးသက်ထွန်း–ဒေါ်ခင်စုစုမင်း၊ သမီး ဣန္ဒြေဦး၊ အေးမြတ်ကြည်ဖြူတို့က ရွှေပြားသုံးချပ်စီ စုစုပေါင်း ၂၇ချပ်၊ ငွေကျပ် ၁၃၅၀၀၀ (ဝဲပုံ)၊ ပုဇွန်တောင် မြို့နယ် အမှတ်(၂)ရပ်ကွက်၊ ၅၆လမ်း အမှတ် ၁၅(ခ)နေ ဦးစိန်မြင့်အား ရည်စူး၍ ဒေါ်တင်တင်ဝင်း၊ သား ကိုကျော်လင်းထွန်းတို့က နှစ်လက်မပတ်လည် ရွှေဆိုင်း သုံးဆိုင်းနှင့် ၁၂ လက်မပတ်လည် ရွှေချပြီး ရွှေပြား ငါးချပ်၊ ငွေကျပ် ၈၃၀၀၀ကို ဗုဒ္ဓ ပူဇနိယဆီမီး ၉၉၀၀ အဖွဲ့ နာယက ဦးစိုးဝင်း (စဥ့်ကူစိုးဝင်း)၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်စိုး (တရားရုံးချုပ်ရှေ့နေ)၊ အတွင်းရေးမှူး ဦးခင်မောင်ညွန့် (တရားရုံးရှေ့နေ)နှင့် တွဲဖက် အတွင်းရေးမှူး ဦးသွင်ဦးတို့က လက်ခံရယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာနှင့် ရွှေစည်းခုံဘုရား ပုံတော်များ ပြန်လည်ပေးအပ်ကြသည်။

(၀၄၆)

ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်

မင်္ဂလာတောင်ညွန့်မြို့နယ် ၁၀၈လမ်း အမှတ်(၈)နေ ဦးဘိုဦး (ဇီဝက)–ဒေါ်လှဦးတို့အားရည်စူး၍ ဒေါ်လှမေ၊ဒေါ်သန်းစိန်၊ ဒေါ်လှကြည်၊ ဒေါ်ခင်သန်းမေ(သား) မောင်မောင်လှ၊ဦးအောင်စိုး–ဒေါ်စန်းမြင့်၊(မြေး) ဦးဝင်းကြူ–ဒေါ်စန္ဒာဦး၊(မြစ်)မဖြူနှင်းအေး၊ မောင်အောင်သူဖြိုး မိသားစုတို့က ဧရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတမြို့ရွှေကျောင်းတိုက် မြန်အောင်သမ္ဗုဒ္ဓေဘုရားတစ်ဆူအတွက် အလှူငွေကျပ်တစ်သိန်း ဆက်ကပ်လှူဒါန်းရာ သာသနာပြုဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။

(က–ပ)

ဝမ်းလျှော ဝမ်းပျက်ရောဂါ ကာကွယ်ကုသပါ

၁။ ဝမ်းလျှောဝမ်းပျက်ရောဂါသည် ကူးစက်ရောဂါဖြစ်သည်။ ရောဂါပိုးများသည် ရောဂါဖြစ်ပွားနေသူ၏ ဝမ်းနှင့် အန်ဖတ်များတွင်ပါရှိသည်။ ရောဂါပိုးများပါဝင်သည့် ရေနှင့်အစားအစာများကို စားသောက်မိခြင်းကြောင့် ရောဂါကူးစက်ပြန့်ပွားသည်။

၂။ အစားအသောက်များသည် အောက်ပါအကြောင်းအချက်များကြောင့် ရောဂါပိုးများ ကူးစက်ဝင်ရောက်နိုင်သည်။

* အစားအသောက်များပေါ်သို့ ယင်အုံ ယင်နားခြင်း၊
* အစားအသောက်ထည့်သည့် အိုးခွက်ပန်းကန်များကို မသန့်ရှင်းသည့်ရေဖြင့် ဆေးကြောအသုံးပြုခြင်း၊
* မသန့်ရှင်းသည့်လက်ဖြင့် အစားအသောက်များကို ကိုင်တွယ်ချက်ပြုတ်ပြင်ဆင်ခြင်း၊
* မသန့်ရှင်းသည့် အိုးခွက်ပန်းကန်ဖြင့် ချက်ပြုတ်ပြင်ဆင်သိမ်းဆည်းခြင်း။

၃။ သောက်သုံးရေများသည် အောက်ပါအကြောင်းများကြောင့် ညစ်ညမ်း၍ ရောဂါပိုးများ ကူးစက်ဝင်ရောက်နိုင်သည်။

* သောက်သုံးရေအဖြစ်အသုံးပြုသည့် ရေတွင်းရေကန်များအတွင်းသို့ ပြင်ပမှ ညစ်ညမ်းသည့်ရေများ စီးဝင်ခြင်း၊
* ရေတွင်းရေကန်များထဲသို့ မသန့်ရှင်းသည့် ရေခွက်၊ ရေပုံးများဖြင့် ခပ်ယူခြင်း၊
* သောက်သုံးရေတွင်း၊ ရေကန်များအနီးတွင် ရေချိုးခြင်း၊ အဝတ်လျှော်ခြင်း၊
* သောက်သုံးရေတွင်း၊ရေကန်များသည် အိမ်သာ၊ အညစ်အကြေးစွန့်ရာနေရာစသည်တို့နှင့် နီးကပ်စွာတည်ရှိခြင်း၊ ပို၍နိမ့်သည့်နေရာတွင်ရှိခြင်း၊
* သောက်သုံးရေတွင်း၊ရေကန်များအနီးသို့ ကျွဲ၊ နွား၊ ခွေးစသည့် တိရစ္ဆာန်များဝင်ရောက်ခြင်း။

၄။ ဝမ်းလျှော ဝမ်းပျက်ရောဂါဖြစ်ပွားခြင်းမှ ကာကွယ်ရန်

* သောက်သုံးရေတွင်း၊ရေကန်များအနီးနှင့် မြင့်သောနေရာတွင် အိမ်သာဆောက်ခြင်း၊ မစင်စွန့်ခြင်းတို့မှ ရှောင်ကြဉ်ပါ၊
* သောက်သုံးရေတွင်း၊ရေကန်များအနီးတွင် ရေချိုးခြင်း၊ အဝတ်လျှော်ခြင်းမပြုပါနှင့်၊
* ရေတွင်း၊ ရေကန်များထဲသို့ တစ်ဦးချင်းသယ်ဆောင်လာသည့် ရေပုံး၊ ရေခွက်များနှင့် မခပ်ပါနှင့်၊
  ရေခပ်ယူရန်လိုအပ်ပါက ရေတွင်း၊ ရေကန်အနီးတွင် သန့်ရှင်းသော ရေခွက်၊ ရေပုံး သီးသန့်ထားရှိပါ၊
* ရေကို ကျိုချက်၍သောက်ပါ၊
* သန့်ရှင်းလတ်ဆတ်သည့် အစားအစာများကိုစားပါ၊
* အစားအစာများကို ယင်မနားအောင်ဖုံးအုပ်ထားပါ၊ ယင်နားစာများ မစားပါနှင့်၊
* အစားအစာများကို မကိုင်တွယ်မီ လက်ကိုရေနှင့်ဆပ်ပြာသုံး၍ စင်ကြယ်အောင်ဆေးကြောပါ၊
* အစားအစာများထည့်သည့် အိုး၊ ခွက်၊ ပန်းကန်များကို သန့်ရှင်းသည့်ရေနှင့် ဆပ်ပြာသုံး၍ စင်ကြယ်အောင်ဆေးကြောပါ၊
* ယင်လုံအိမ်သာ အသုံးပြုပါ၊
* အိမ်သာမှဆင်းတိုင်းနှင့် မစင်၊ အန်ဖတ် စသည်တို့ကို ထိတွေ့ကိုင်တွယ်ပြီးတိုင်း လက်ကိုရေနှင့် ဆပ်ပြာသုံး၍ စင်ကြယ်အောင်ဆေးကြောပါ။

၅။ အကယ်၍ ဝမ်းလျှော ဝမ်းပျက်ရောဂါဖြစ်ပွားပါက ဓာတ်ဆားရည်ကို အညွှန်းအတိုင်းတိကျစွာဖျော်၍သောက်ပြီး နီးရာဆေးရုံဆေးခန်းတွင် ဆေးလျင်စွာပြသကုသမှုခံယူပါ။ မိမိမှတစ်ဆင့် အခြားသူများသို့ ရောဂါမကူးစက်ရန် သတိပြုကာကွယ်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပနားမားနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇွန် ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပနားမားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ဒေးဗစ်၊ ဂွာဒီယား၊ ဗာရီးလားသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။ **(ယာပုံ)**

တက်ရောက်

အဆိုပါသံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဘုရင့်နောင်ရိပ်သာခန်းမ၌ လက်ခံတွေ့ဆုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပနားမားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဒေးဗစ်၊ ဂွာဒီယား၊ ဗာရီးလားအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာခန်းမ၌ လက်ခံတွေ့ဆုံစဉ်။
(သတင်းစဉ်)

မြန်မာ့အလင်း

ကမ္ဘာ့ဖလား သတင်းဆောင်းပါး နှင့် ဆောင်းပါး အညွှန်း

ကမ္ဘာ့ဖလား
အိမ်ရှင် ဂျာမနီ
ပွဲဦးထွက် မျက်နှာပန်း
လှနိုင်မည်လော

အီကွေဒေါနှင့်
ပိုလန်အသင်းတို့ပွဲ
အုပ်စုဒုတိယနေရာ
အတွက် အရေးပါ

သုံးသပ်ရေးသားသူ
ကိုထွေး (စာ-၆)

ရှားပါးစာအုပ်များဖြင့်
ပြည်သူတို့ကို
အလင်းရောင်
ပေးနေသော
ဆရာကြီး ပါရဂူ၏
“ရှန်တိနိကေတန်”
စာကြည့်တိုက်သို့
တစ်ခေါက်

တွေ့ဆုံမေးမြန်းသူ-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း) (စာ - ၇)